# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၂၈)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

## (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၉၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၅ ရက်၊

(၃) သယ်ယန်းကမ်းဆန္ဒနယ်မှ ဦးသိန်းညွန့် ခွင့် ၅ ရက်၊

(၄) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

**မူကြမ်း**

(၅) ပင်းလောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၆) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၂ ရက်၊

(၇) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၃ ရက်၊

(၈) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၂ ရက်၊

(၉) ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ခွင့် ၁ ရက်၊

(၁၀) လိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၁၁) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၁၂) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၂ ရက်၊

(၁၃) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၂ ရက်၊

(၁၄) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၁၅) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၁၆) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊

(၁၇) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၁ ရက်၊

(၁၈) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၉) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၃ ရက်၊

(၂၀) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလိုင် ခွင့် ၅ ရက်၊

(၂၁) မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရှိအုပ် ခွင့် ၅ ရက်၊

(၂၂) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၅ ရက်၊

(၂၃) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး ခွင့် ၂ ရက်၊

(၂၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင် ခွင့် ၅ ရက်၊

(၂၅) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၂၆) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၂၇) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊

(၂၈) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၁ ရက်၊

(၂၉) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း ခွင့် ၁ ရက်၊

(၃၀) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၁ ရက်၊

**မှူးကြမ်း**

(၃၁) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစော်နေကော်ကြီး ခွင့် ၅ ရက်၊

(၃၂) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၅ ရက်၊

(၃၃) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊

(၃၄) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင် ခွင့် ၁ ရက်၊

(၃၅) ရေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၂ ရက်နှင့်

(၃၆) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ကိုရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ သုံးသပ်အကြံပြုချက် တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြင့်တင်ရေးရာနှင့်

ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မကော်မတီက သုံးသပ်အကြံပြုချက် တင်ပြရန်ဖြစ်တဲ့အတွက် တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးလှထွန်း(အဖွဲ့ဝင်၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမဘဝမြင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မကော်မတီ)။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ တာဝန်ပေးချက်အရ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို တင်ပြသွားမှာဖြစ်ပါတယ်။

**ကော်မတီဖွဲ့စည်းခြင်း**

ပြည်သူ့လွှတ်တော်၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၁)အရ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မကော်မတီကို ပါတီရှစ်ခုမှ တိုင်းရင်းသားမျိုးနွယ်စု ၁၁ မျိုး ပါဝင်လျက် ကော်မတီဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ၎င်းကော်မတီကို ပြည်သူ့လွှတ်တော်၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၃)ဖြင့် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မကော်မတီအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ က

**ကော်မတီ၏ဆောင်ရွက်ချက်များ**

ကော်မတီအနေဖြင့် နယ်စပ်ဒေသဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန များနှင့်ပတ်သက်သည့်မူဝါဒ ဘတ်ဂျက်နှင့် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

(၁) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ (၂) ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းကာလအတွင်း တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမဘဝမြင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီတို့ ပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄

**မူကြမ်း**

ခုသို့ တစ်ကြိမ်စီကွင်းဆင်းလျက် တိုင်းရင်းသားများ၏ သဘောထားများကို မေးမြန်း၍ လိုအပ်ချက်များကို ပြုစုတင်ပြနိုင်ခဲ့ပါသည်။ (၃) တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကိုးဖွဲ့နှင့် (၂၉)ကြိမ် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါသည်။ (၄) ကော်မတီအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မလုပ်ငန်းနှင့် ပတ်သက်၍ ပြည်ပနိုင်ငံ ၁၂ နိုင်ငံမှ အဖွဲ့ ၁၂ ဖွဲ့ဖြင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါသည်။ (၅) ကော်မတီဝင်ခြောက်ဦးသည် ပြည်ပနိုင်ငံ ၁၈ နိုင်ငံသို့ ၁၀ ကြိမ် သွားရောက်နိုင်ခဲ့ပါသည်။ (၆) ပထမအကြိမ်ပြည်သူ့လွှတ်တော်သက်တမ်းကာလအတွင်း ကော်မတီဝင်များမှ အဆို ကိုးခု၊ ကြယ်ပွင့်ပြမေးခွန်း ၁၃၀၊ ကြယ်ပွင့်မပြမေးခွန်း ၁၅၅ ခုတို့ကို နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အဆိုများတင်သွင်းခြင်း၊ မေးခွန်းများ မေးမြန်းခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သုံးသပ်အကြံပြုချက်**

ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းကာလအတွင်း တာဝန်ထမ်းဆောင်ခဲ့မအပေါ် ဖော်ပြပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည်။ (၁) ကော်မတီဖွဲ့စည်းရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ တိုင်းရင်းသားမျိုးနွယ်စုများ ပါဝင်စေပြီး ဖွဲ့စည်းသင့်ပါသည်။ (၂) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကိုလည်း ကော်မတီဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းသင့်ပါသည်။ (၃) ကော်မတီဖွဲ့စည်းရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အတွေ့အကြုံ ရှိသူများကို ဦးစားပေးထည့်သွင်းဖွဲ့စည်းသင့်ပါသည်။ (၄) ကော်မတီများအား ပြည်ပအတွေ့အကြုံ ရရှိစေရန်အတွက် လွှတ်တော်သက်တမ်းကာလအတွင်း အနည်းဆုံးတစ်ကြိမ်စီ လေ့လာရေးခရီးစဉ် လိုက်ပါနိုင်ရေးဆောင်ရွက်သင့်ပါသည်။ (၅) တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း လွှတ်တော်သက်တမ်းကာလအတွင်း တိုင်းရင်းသားများ၏ သဘောထားများ၊ လိုအပ်ချက်များကို သိရှိစေနိုင်ရန်အတွက် တစ်နှစ်လျင်တစ်ကြိမ် သွားရောက်တွေ့ဆုံသင့်ပါသည်။ (၆) နောင်အစဉ်အဆက် ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီ၏ ဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန် လိုအပ်ပါသည်။ (၇) ကော်မတီသည် လွှတ်တော်၏ အခန်းကဏ္ဍနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ထိရောက်စွာ အထောက်အကူပြုသော ကော်မတီတစ်ရပ်ဖြစ်ပါသဖြင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်း တွင်လည်း ဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း သုံးသပ်အကြံပြုအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

## ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မကော်မတီ၏ သုံးသပ်အကြံပြု ချက်တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မကော်မတီက သုံးသပ်အကြံပြု ချက်တင်ပြရန်ဖြစ်၍ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလိုင်(အဖွဲ့ဝင်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပြည်သူ့လတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ကော်မတီအဖွဲ့ဝင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ်မှ ပြည်သူ့လတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလိုင် ဖြစ်ပါတယ်။ ကျန်မအနေနဲ့ ကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အကြံပြုချက်ကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ (၁) ပြည်သူ့လတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် တာဝန်ယူဆောင်ရွက်ရသော ဝန်ကြီးဌာနမှာ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ဖြစ်ပါတယ်။ (၂) ကော်မတီအနေဖြင့် ပထမအကြိမ် ပြည်သူ့လတ်တော်သက်တမ်းအတွင်း ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းများအပေါ်မှ လေ့လာသုံးသပ်၍ အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါတယ်။

(က) ဖွဲ့စည်းမည့် ကော်မတီဝင် လတ်တော်ကိုယ်စားလှယ်များဟာ ကော်မတီမှ တာဝန်ယူဆောင်ရွက်ရမယ့် ဝန်ကြီးဌာနများရဲ့ လုပ်ငန်းဆောင်ရွက်မများနှင့် ဆက်စပ်ကျမ်းကျင်မရှိတဲ့ပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းသင့်ပါသည်။ (ခ) ကော်မတီဝင်များသည် ဥပဒေများစိစစ်ခြင်း၊ အတည်ပြုခြင်းများလုပ်ဆောင်ရာတွင် လတ်တော်မှ ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်လေ့လာဆောင်ရွက်သွားသင့်ပါသည်။ (ဂ) ဥပဒေများကို စိစစ်ရာတွင် သတ်မှတ်ထားသည့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လတ်တော်ဆိုင်ရာဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လတ်တော်ဆိုင်ရာနည်းဥပဒေအရ ပုဒ်မ ၅၉ ပါ အချက် ၁၂ ချက်နှင့် ဆောင်ရွက်သွားသင့်ပါတယ်။ (ဃ) ကော်မတီအနေဖြင့် လတ်တော်မှ တာဝန်ပေးအပ်ထားသော ဥပဒေများကိုပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ရေးဆွဲခြင်းများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စဉ်ဆက်မပြတ်ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ (င) လတ်တော်မှ တာဝန်ပေးအပ်ထားသော ဥပဒေများအပြင် သက်ဆိုင်ရာဝန်ကြီးဌာနအနေနှင့် ဥပဒေအသစ်များ ပြဋ္ဌာန်းမည်ဆိုပါက ကော်မတီရဲ့အကြံဉာဏ်များ ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ

လုပ်ဆောင်သင့်ပါတယ်။ (စ) ဥပဒေများရေးဆွဲတဲ့နေရာမှာလည်း ဥပဒေနှင့် သက်ဆိုင်တဲ့လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ NGO ၊ INGO ၊ CSO အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကြံဉာဏ်များ ရယူရေးဆွဲခြင်းဖြင့် ကောင်းမွန်သင့်တော် လက်တွေ့ကျတဲ့ဥပဒေများ ပေါ်ထွန်းနိုင်ပါတယ်။ (ဆ) ကော်မတီအနေဖြင့် ဥပဒေရေးဆွဲရာ၌ အကြံဉာဏ်၊ နည်းပညာအကူအညီများ လိုအပ်ပါတယ်။ ယင်းလိုအပ်ချက်များအတွက် လွှတ်တော်မှ ဘဏ္ဍာငွေကြေးသုံးစွဲရန်လိုအပ်သလို နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အကူအညီများကိုလည်း ရယူခြင်းဖြင့် ဆောင်ရွက်နိုင်ပါတယ်။ ဥပမာ- ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် ဂျာမန်ဖွံ့ဖြိုးပူးပေါင်းမ ဆောင်ရွက်ရေးအဖွဲ့ GIZ နှင့် နားလည်မှုစာချွန်လွှာရေးထိုး၍ အလုပ်ရုံဆွေးနွေးပွဲများ၊ ပညာရှင်အကူအညီများနှင့် နိုင်ငံတကာလေ့လာရေးခရီးစဉ်များ ဆောင်ရွက်ခဲ့ပါတယ်။ (ဇ) ကော်မတီအနေဖြင့် သက်ဆိုင်သောမေးခွန်းများ၊ အဆိုများ၊ ဆွေးနွေးချက်များကို ညှိနှိုင်းဆွေးနွေး၍ လွှတ်တော်အတွင်း တင်ပြဆောင်ရွက်သင့်ပါတယ်။ (ဈ) ကော်မတီအနေဖြင့် မေးခွန်းများ၊ အဆိုများ၊ ဆွေးနွေးချက်များကို လွှတ်တော်မှအတည်ပြုမှတ်တမ်းတင်ထားခြင်းများနှင့် ကတိကဝတ်များကို ကော်မတီမှ ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ဆက်လက်ဆောင်ရွက်သင့်ပါတယ်။ (ည) ကော်မတီအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ စီမံကိန်းလုပ်ငန်းများနှင့် ရသုံးမှန်းခြေငွေစာရင်း ဘတ်ဂျက်စိစစ်ရာ၌ ထိရောက်တဲ့ အကျိုးဖြစ်ထွန်းနိုင်သောဘတ်ဂျက်ငွေများ စီမံခန့်ခွဲနိုင်ရန်အတွက် ဝန်ကြီးဌာနမှ တာဝန်ခံဆောင်ရွက်သူများနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးခြင်း၊ ကြားနာဆောင်ရွက်ခြင်း၊ မြေပြင်အခြေအနေကို လေ့လာစောင့်ကြည့်ခြင်းများဆောင်ရွက်သင့်ပါတယ်။ (ဋ) ကော်မတီအနေဖြင့် ဝန်ကြီးဌာနအား ခေါ်ယူကြားနာရာတွင်အပြန်အလှန်ထိန်းညှိခြင်း၊ လေ့လာစောင့်ကြည့်ခြင်းများ စနစ်တကျဆောင်ရွက်နိုင်ရန် လွှတ်တော်မှဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ (ဌ) ကော်မတီနှင့်သက်ဆိုင်သည့် သုတေသနစာတမ်းများစာအုပ်များနှင့် အထောက်အကူပြုပစ္စည်းများ အလွယ်တကူရရှိဆောင်ရွက်နိုင်ရန် ကော်မတီနှင့်သက်ဆိုင်သည့် စာကြည့်တိုက်ကို ကော်မတီမှာ ထားရှိဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဂင်းအပြင် ကော်မတီအနေဖြင့် ပြည်သူ့လွှတ်တော်မှ တာဝန်ပေးအပ်ထားသော ဥပဒေ ၁၈ ခုကိုလည်း ဆောင်ရွက်ခဲ့တဲ့အခြေအနေကို တင်ပြလိုပါတယ်။ အဲဒီဆောင်ရွက်ခဲ့တဲ့အခြေအနေတွေကတော့ နိုင်ငံတော်သမ္မတသို့ လက်မှတ်ရေးထိုးရန် ပေးပို့ထားသည့်ဥပဒေတစ်ခု၊ ဖျက်သိမ်းရမည့် ဥပဒေလေးခု၊ အသစ်ပြင်ဆင်၊ ဖြည့်စွက်၊ အတည်ပြုပြဋ္ဌာန်းပြီးသည့် ဥပဒေ ခုနစ်ခုနှင့် မူလအတိုင်းထားရ

မယ့်ဥပဒေ ခြောက်ခုတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီ၏သုံးသပ်အကြံပြုချက် တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီက သုံးသပ်အကြံပြုချက် တင်ပြရန်ဖြစ်၍ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျန်ထွန်း(အဖွဲ့ဝင်၊ အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကို လာရောက်လေ့လာသူများခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်းဖြစ်ပါတယ်။ အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန်ပေးချက်အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အတွက် သုံးသပ်အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အတွက် အကြံပြုတင်ပြချက်-

**နိဒါန်း**

ပထမအကြိမ် ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီခွဲများအနေဖြင့် မိမိတို့တွေ့ကြုံဖြတ်သန်းခဲ့ကြရသော နှစ်များအလိုက် ပြုစုခဲ့သော အစီရင်ခံစာများ၊ အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေကြမ်းများနှင့် ကော်မတီလုပ်ငန်းဆောင်ရွက်ခဲ့ပုံများကို ယခုစာတမ်းတွင် တတ်နိုင်သမျှပြည့်စုံစွာဖော်ပြ၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီဝင်များအနေဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စေတနာအရှေ့ထား၍ ပြုစုတင်ပြခြင်းဖြစ်ပါသည်။ ၁၂-၁-၂၀၁၅ ရက်နေ့

**မူကြမ်း**

ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးမှာ ကျွန်တော်တို့ကော်မတီရဲ့ အစီရင်ခံစာကို အသေးစိတ် ဖတ်ကြားတင်ပြပြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ကော်မတီနဲ့သက်ဆိုင်တဲ့ အကြံပြုချက်များကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ အပိုဒ် ၁၃ ကော်မတီနှင့်သက်ဆိုင်သည့် အကြံ ပြုချက်များမှာ-

(က) ကော်မတီတွင် နိုင်ငံတော်မှဆောင်ရွက်နေသည့် အမျိုးသားစီမံကိန်းများ၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ BE နှင့် RE ဘတ်ဂျက်၊ အခွန်အကောက်ဆိုင်ရာ လုပ်ငန်းများတတ်သိနားလည်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့်သာ ဖွဲ့စည်းပေးသင့်ပါသည်။

(ခ) ကော်မတီဥက္ကဋ္ဌသည် ကော်မတီ၏ဘာသာရပ်ကို ကျွမ်းကျင်ပြီး ကျန်ကော်မတီဝင်များကို ဦးဆောင်နိုင်သူကိုသာ တာဝန်ပေးသင့်ပါသည်။

(ဂ) ကော်မတီအတွင်းရေးမှူးသည် လွှတ်တော်ကာလအတွင်း ကော်မတီ၏လုပ်ငန်းတာဝန်များကို နားလည်တတ်ကျွမ်းပြီး အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သူကို တာဝန်ပေးသင့်ပါသည်။

(ဃ) ကော်မတီဝင်အများစုသည် ကော်မတီ၏ဘာသာရပ်ကျွမ်းကျင်သူ အများစုရွေးချယ်တာဝန်ပေးသင့်ပါသည်။ လိုအပ်ပါက ကော်မတီဝင်များအား ကော်မတီနှင့် သက်ဆိုင်သည့်ဘာသာရပ်အလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျွမ်းကျင်မရှိစေရန်အတွက် အရည်အသွေးမြင့်တင်မ သင်တန်းများအပြင် လွှတ်တော်ကာလအတွင်း သက်ဆိုင်ရာဌာန၊ တာဝန်ရှိသူများမှ အချိန်ယူ၍ လာရောက်ရှင်းလင်းခြင်း၊ ဆွေးနွေးခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသင့်ပါသည်။

(င) သက်ဆိုင်ရာ ဝန်ကြီးဌာနများက ကိန်းဂဏန်းမှန်ကန်တိကျစွာ ဆောင်ရွက်ပေးနိုင်ရေးအတွက်လည်း ပေါင်းစပ်ညှိနှိုင်းပေးသင့်ပါသည်။ ဥပမာ - အခွန်အကောက်ဆိုင်ရာ ကိန်းဂဏန်းများ မကြာခဏပြင်ဆင်ရခြင်း။

(စ) ကော်မတီ၏တာဝန်သတ်မှတ်ချက်များနှင့်အညီ လိုက်ဖက်သည့်တာဝန်ကိုသာ တိကျစွာ တာဝန်ခွဲဝေ သတ်မှတ်ပေးသင့်ပါသည်။

**မှူကြမ်း**

(ဆ) ကော်မတီအစည်းအဝေးများ ကျင်းပသည့်အခါတိုင်းတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိသူများ အမြဲတမ်းတက်ရောက်နိုင်ရေး စီစဉ်ပေးသင့်ပါသည်။

(ဇ) ကော်မတီကသက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အရေးကြီးတွေ့ဆုံရန်လိုအပ်သည့်အခါ လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်ရေးထက် အချိန်မီဖိတ်ကြားနိုင်ရေးကို ဦးစားပေးစီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်ရာတွင် ကော်မတီက တိုက်ရိုက်ဖိတ်ကြားတွေ့ဆုံနိုင်သည့် အစီအစဉ်ကို ခွင့်ပြုပေးသင့်ပါသည်။

(ဈ) ကော်မတီနှင့်သက်ဆိုင်သည့်ဥပဒေများအား ကော်မတီဝင်များသိရှိနားလည် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ရှင်းလင်းဆောင်ရွက်စေခြင်း၊ လိုအပ်သောဥပဒေစာအုပ်များကို ကော်မတီဖွဲ့စည်းပြီးသည်နှင့် ပေးပို့သင့်ပါသည်။

(ည) ကော်မတီနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၏ လုပ်ငန်းများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်းမပြုမီ ကော်မတီအလိုက်တာဝန်ခွဲဝေ၍ Debate များကျင်းပပြုလုပ်ခြင်း၊ နိုင်ငံတော်နှင့်ပတ်သက်သည့် လုပ်ငန်းစီမံကိန်းများ အောင်မြင်မရှိ/မရှိအား ကော်မတီအနေဖြင့် နယ်မြေကွင်းဆင်းလေ့လာမ ပြုလုပ်ခြင်းကို ဝန်ကြီးဌာနများက ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ပေးသင့်ပါသည်။

(ဋ) ကော်မတီနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများအလိုက် စီမံကိန်းများကို တင်ပြသည့်အခါ အောက်ပါအချက်အလက်များကို ပါဝင်အောင်ရေးဆွဲစေရေးအတွက် ညှိနှိုင်းရန်ဆောင်ရွက်ပေးသင့်ပါသည်။

(၁) အပိုဒ်ခွဲငယ်(၁) ဆောင်ရွက်ပြီးစီမံကိန်း

(ကက) စီမံကိန်းတန်ဖိုး၊

(ခခ) ချေးငွေယူ/မယူ၊

(ဂဂ) ချေးငွေရယူသည့် နိုင်ငံအအမည်၊

(ဃဃ) ချေးငွေပြန်ဆပ်ကာလ/အတိုးနှုန်း၊

မူကြမ်း

(ငင) ပေးဆပ်ရန်ကျန် တန်ဖိုး၊ ပေးဆပ်ရန်အချိန်ကာလ၊

(စစ) အရင်းကြေကာလ

(၂) အပိုဒ်ခွဲငယ်(၂) ဆောင်ရွက်ဆဲ စီမံကိန်းများ၊

(ကက) စီမံကိန်းစတင်သည့်ဘဏ္ဍာနှစ်၊

(ခခ) စီမံကိန်းခန့်မှန်းကာလ စတင်သည့်နှစ်၊ ပြီးစီးသည့်နှစ်၊

(ဂဂ) စီမံကိန်းခန့်မှန်းတန်ဖိုး၊

(ဃဃ) စီမံကိန်းအားနိုင်ငံခြားကုမဏီ သို့မဟုတ် နိုင်ငံသားကုမဏီနှင့်စာချုပ်၊

(ငင) စာချုပ်အသက်ဝင်သည့်နှစ်၊

(စစ) ယခုထိခွင့်ပြုပြီးစီမံကိန်းတန်ဖိုး၊

(ဆဆ) ယခုထိ သုံးစွဲပြီး စီမံကိန်းတန်ဖိုး၊

(ဋ) ဝန်ကြီးဌာနများကိုစိစစ်ရာတွင် ချေးငွေနှင့်စီမံကိန်း သေချာစွာ ဆက်စပ်စိစစ်သင့်ပါသည်။

(ဍ) တပ်မတော်တွင် တပ်မတော်သားကိုယ်စားလှယ်များကို ကော်မတီတွင် လေ့လာသူအဖြစ် သာထားရှိမည့်အစား လာမည့်လတ်တော်ကာလတွင် ကော်မတီဝင်အဖြစ် တာဝန်ပေးသင့်ပါသည်။

(ပ) နောင်လာမည့်လတ်တော်ကိုယ်စားလှယ်များ လစဉ်ချီးမြင့်ငွေထုတ်သည့် အချိန်တွင် ငွေလဲလုပ်ငန်းများအဆင်ပြေစေရန်အတွက် ပုဂလိကဘဏ်တစ်ခုခုနှင့် ညှိနှိုင်း၍ Mobile Banking လုပ်ငန်းနှစ်ခု သို့မဟုတ် သုံးခု ဆောင်ရွက်မ စီစဉ်ပေးသင့်ပါသည်။

(ဇ) လတ်တော်ကိုယ်စားလှယ်များ ဥပဒေပြုရာတွင်လည်းကောင်း၊ ဥပဒေကြမ်းများ စိစစ်ရာတွင်လည်းကောင်း၊ မေးခွန်း၊ အဆိုများအတွက်လည်းကောင်း၊ ရည်ညွှန်းကိုးကားရန်အတွက် စာအုပ်စာတမ်းများ သို့မဟုတ် ပြုစုပေးနိုင်သော ဝန်ထမ်းများရှိသည့်ဌာန တစ်ခုကို လတ်တော်အလိုက် သို့မဟုတ် ကော်မတီအလိုက် ထားရှိပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

**မူကြမ်း**

(တ) ကော်မတီတွင် တာဝန်ချထားပေးသော ဝန်ထမ်းဖွဲ့စည်းပုံတွင် အနည်းဆုံး လက်ထောက်ညွှန်ကြားရေးမှူး အဆင့်ကို ဝန်ထမ်းအကြီးအကဲ အဖြစ်ထား၍ ၎င်းအကြီးအကဲသည်လည်း ကော်မတီ၏ ဘာသာရပ်ကိုက်ညီသူကိုသာ ရွေးချယ် တာဝန်ပေးသင့် ပါသည်။

(ထ) ကော်မတီရုံးသုံးစက်ကိရိယာများကို လုံလောက်စွာထားရှိသင့်ပါသည်။ ၎င်းအပြင် စက်ကိရိယာများကို ခေတ်နှင့်အညီ ဖြည့်ဆည်းပေးသင့်ပါသည်။

(ဒ) ကော်မတီဝန်ထမ်းများသည် လတ်တော်ကာလအတွင်း အချိန်ပိုညလုံးပေါက် လုပ်ငန်း လုပ်ဆောင်ရွက်ရသည့်အခါ ခံစားခွင့်ကို ထမ်းဆောင်အပ်သော တာဝန်နှင့်အညီ ပေးသင့်ပါသည်။ အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီ။ အားလုံး ကျေးဇူးတင်ပါတယ်။

**တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ သုံးသပ်အကြံပြုချက် တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ် ရေးရာကော်မတီက သုံးသပ်အကြံပြုချက်တင်ပြရန်ဖြစ်၍ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်း(အဖွဲ့ဝင်၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား လေးစားအပ်တဲ့ ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လတ်တော် ကိုယ်စားလှယ်များ၊ ကော်မတီ၊ ကော်မရှင်အဖွဲ့ဝင်လူကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဝတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ဖြစ်ပါတယ်။ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီဝင်တစ်ဦးလည်းဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လတ်တော်သက်တမ်းအတွင်း လုပ်ငန်း ဆောင်ရွက်မများနှင့် တွေ့ရှိချက်များအပေါ် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ၏ သုံးသပ်အကြံပြုချက်များကို ကော်မတီ၏တာဝန်ပေးချက်အရ ကော်မတီကိုယ်စား

ကျန်တော်က တင်ပြသွားမှာဖြစ်ပါတယ်။ ကော်မတီ၏သုံးသပ်အကြံပြုချက်များကို သုံးသပ်ချက်များ အပိုင်းနှင့် အကြံပြုချက်များအပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းခွဲပြီးတင်ပြသွားမှာ ဖြစ်ပါတယ်။

**အပိုင်း(က) သုံးသပ်ချက်များ**

ကော်မတီသုံး၏သပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

၁။ လတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရေး၊ လတ်တော်အစည်းအဝေးများ တက်ရောက်သွားလာရေးတို့တွင် ယခုထက်ပိုမိုအဆင်ပြေစေရန် လတ်တော်ဝင်းအတွင်း လတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရေးအတွက် တည်းခိုဆောင်များကို ဆောက်လုပ်ပေးရန် လိုအပ်မှာဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။

၂။ လတ်တော်ကော်မတီရုံးများနှင့် လတ်တော်အစည်းအဝေးခန်းမများကြား သွားရေးလာရေးစနစ်တစ်ခု ပီပြင်စွာဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် ကိုယ်စားလှယ်များအနေဖြင့် ကော်မတီရုံးများနှင့် ထိတွေ့မပိုမိုများပြားလာမှာဖြစ်ပြီး ကော်မတီ၊ ကော်မရှင်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ၊ စိတ်ပါဝင်စားစွာဆောင်ရွက်နိုင်ကြမှာဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။

၃။ တောင်သူလယ်သမားရေးရာ၊ အလုပ်သမားရေးရာနှင့် လူငယ်ရေးရာကဏ္ဍတို့ဟာ များပြားကျယ်ပြန့်လှတဲ့လူထုလူတန်းစားအရေးကိစတွေဖြစ်ပါတယ်။ လက်ရှိကော်မတီတွင် ကဏ္ဍစုံကို တစ်ခုတည်းဖွဲ့စည်းထားတဲ့အတွက် ပြီးဆုံးအောင်ဆောင်ရွက်နိုင်မှုအားနည်းခဲ့ပါတယ်။ ကော်မတီကို ရေးရာကဏ္ဍအလိုက် သီးခြားစီဖွဲ့စည်း၍ ကော်မတီအဖွဲ့ဝင်အင်အားကိုလည်း လိုအပ်သလိုတိုးချဲ့လျော့ချဖွဲ့စည်းပြီး တာဝန်ပေးဆောင်ရွက်နိုင်မည်ဆိုပါက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုဆောင်ရွက်နိုင်ဖွယ်ရာရှိကြောင်း သုံးသပ်ရရှိပါတယ်။

၄။ ပြည်သူပြည်သားများ၏ တင်ပြချက်များအား သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရာတွင် ကော်မတီအနေဖြင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်ခွင့်မရှိသဖြင့် မြန်မြန်ဆန်ဆန်ချောမွေ့စွာမဆောင်ရွက်နိုင်ဘဲ အချိန်ကာလ အခက်အခဲများစွာနှင့် တွေ့ရှိနေရပါကြောင်း သုံးသပ်ရရှိပါတယ်။

၅။ လတ်တော်အစည်းအဝေးများကျင်းပတဲ့အချိန်ကာလဟာ တစ်နှစ်မှာ အနည်းဆုံး ရှစ်လခန့်မျှကြာမြင့်နေတဲ့အတွက် ရွေးချယ်ခံပြည်သူ့ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများအကြား ထိတွေ့

နိုင်မနည်းပါးလာပြီး ပြည်သူတို့၏လိုအပ်ချက်များကို အပြည့်အဝဖော်ဆောင်ပေးနိုင်ခြင်းမရှိကြောင်း ကိုလည်း သုံးသပ်သိရှိရပါတယ်။

၆။ လတ်တော်ကော်မတီဝင်များ အရည်အချင်းမြင့်မားစေရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် သင်တန်းများပို့ချမအားနည်းခြင်း၊ ကော်မတီလုပ်ငန်းများနှင့်ဆက်စပ်လျက်ရှိသော စက်ရုံ၊ အလုပ်ရုံ နှင့် စီမံကိန်းလုပ်ငန်းခွင်များသို့ လေ့လာနိုင်ရန်စေလတ်နိုင်မ အားနည်းခြင်းများကြောင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများအပေါ် လတ်တော်ကော်မတီများ၏ ထိန်းညှိစိစစ်နိုင်မှုအားနည်းနေသေး ကြောင်းကိုလည်း တွေ့ရှိသုံးသပ်ရပါတယ်။

၇။ ကော်မတီဝင်အချို့သည် ကော်မတီနှစ်ခုတွင်ပါဝင်နေခြင်း၊ ကော်မရှင်လုပ်ငန်းများတွင် ပါဝင် နေရခြင်းအပြင် ပုံမှန်အစည်းအဝေးများသို့လည်း တက်ရောက်နေရခြင်းတို့ကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်အကန့်အသတ်ဖြင့် ဆောင်ရွက်နေရသဖြင့် သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနလုပ်ငန်းများအပေါ်တွင် လတ်တော်ကော်မတီများ၏ ထိန်းညှိစိစစ်နိုင်မအားနည်းနေကြ သေးကြောင်း သုံးသပ်ရရှိပါတယ်။

**အပိုင်း(ခ) အကြံပြုချက်များ**

၁။ လတ်တော်ကိုယ်စားလှယ်များ တစ်စုတစ်စည်းတည်းနေထိုင်နိုင်ရေးနှင့် လတ်တော်လုပ်ငန်းများ အချိန်ပြည့်ဆောင်ရွက်နိုင်ရေးအတွက် လတ်တော်ဝင်းအတွင်း တည်းခိုဆောင်များအမြန်ဆုံး ဆောက်လုပ်ပေးနိုင်ရန်အတွက် ရ/သုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းတင်ပြတောင်းခံသင့်ပါ ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၂။ အစည်းအဝေးခန်းမများနှင့် ကော်မတီရုံးများအကြား အချိန်မရွေးသွားလာနိုင်ရေးအတွက် အစည်းအဝေးခန်းမနှင့် ကော်မတီရုံးများအနီး မော်တော်ယာဉ်များအား အမြဲတမ်းအဆင်သင့် ထားရှိ သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၃။ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကဏ္ဍတို့အတွက် လုပ်ငန်းဆောင်ရွက် မများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ရေးရာကဏ္ဍအလိုက်ကော်မတီများကို သီးခြားစီဖွဲ့စည်း ပြီးဆောင်ရွက်စေသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**မှူကြမ်း**

၄။ ကော်မတီလုပ်ငန်းများ ပိုမိုလျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် လက်ရှိကျင့်သုံးနေသောလတ်တော်နှင့် အစိုးရဆက်သွယ်ရေးစနစ်အား ပြင်ဆင်၍ ပြောင်းလဲပြင်ဆင်ကျင့်သုံးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၅။ လတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများ ပိုမိုထိတွေ့နိုင်ရေးနှင့် မိမိမဲဆန္ဒနယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်မများ ဆောင်ရွက်နိုင်ရေးတို့အတွက် အရေးပေါ်အစည်းအဝေးများမှအပ လတ်တော်ပုံမှန်အစည်းအဝေးများကို တစ်နှစ်လျှင် ခြောက်လခန့်သာ ကျင်းပပြုလုပ်သင့်ကြောင်း အစည်းအဝေးများကျင်းပမည့်ကာလနှင့် အချိန်ဇယားတို့ကိုလည်း ကြိုတင်ရေးဆွဲ၍ လတ်တော်ကိုယ်စားလှယ်များကို ကြိုတင်အသိပေးထားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

၇။ လတ်တော်ကိုယ်စားလှယ်များ အရည်အချင်းမြင့်မားစေရန်နှင့် ကော်မတီအလိုက် သက်ဆိုင်ရာအဖွဲ့အစည်းလုပ်ငန်းများအား စိစစ်ထိန်းညိနိုင်ရန်အတွက် ဥပဒေပြုရေးသင်တန်းများ၊ ကျမ်းကျင်မဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း၊ နိုင်ငံတကာလတ်တော်နှင့် အဖွဲ့အစည်းများသို့ လေ့လာရေးခရီးများကို အလှည့်ကျစနစ်ဖြင့် စေလတ်ခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာပါလီမန် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်စေခြင်း၊ နိုင်ငံအတွင်းရှိ စီမံကိန်းလုပ်ငန်းများ စက်ရုံ၊ အလုပ်ရုံများနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများသို့ လေ့လာရေးခရီးစေလတ်ခြင်းများကို ပိုမိုဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့်တင်ပြရလျင် ပြည်သူ့လတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီအနေဖြင့် ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ လတ်တော်က သတ်မှတ်ပေးထားသည့် ကော်မတီလုပ်ငန်းများအား အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ လယ်ယာမြေသိမ်းဆည်းခံရခြင်းနှင့်စပ်လျဉ်း၍လည်း ပြည်သူများနစ်နာမမရှိစေရေးအတွက် ဖွဲ့စည်းပေးထားသော ကော်မရှင်ကို ဦးဆောင်၍ အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ကော်မတီအနေဖြင့် ပထမအကြိမ် လတ်တော်သက်တမ်းအတွင်း လုပ်ငန်းများဆောင်ရွက်မများမှ ရရှိလာသောအားနည်းချက်များကို ပြန်လည်စိစစ်ပြုပြင်နိုင်ရန်အတွက်လည်းကောင်း၊ လိုအပ်သလိုစီမံခန့်ခွဲနိုင်ရန်အတွက်လည်းကောင်း လတ်တော်သို့ သုံးသပ်အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

## နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ သုံးသပ်အကြံပြုချက် တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီက သုံးသပ်အကြံပြုချက်တင်ပြရန်ဖြစ်၍ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်စုစုလွင်(အဖွဲ့ဝင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဝတ်ခွန်းဆက်ပါတယ်။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီကိုယ်စား သုံးခွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျန်မဒေါ်စုစုလွင်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အတွက် နိုင်ငံတကာ ဆက်ဆံရေးကော်မတီ၏ အကြံပြုချက်ကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ကော်မတီက ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ အကြံပြုချက်ကို ကော်မတီ၏ ဆောင်ရွက်ခဲ့ သည့်လုပ်ငန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းတာဝန်များကို အခြေပြု၍ အကျဉ်းချုပ်တင်ပြအပ်ပါတယ်။

၂။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် နေ့က ကျင်းပခဲ့သော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးက ကော်မတီဥက္ကဋ္ဌအပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။ ထို့နောက် ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ကျင်းပသော ပထမအကြိမ် စတုတ္ထပုံမှန် အစည်းအဝေးတွင် ကော်မတီဝင် (၂)ဦး အစားထိုးပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

၃။ ကော်မတီသည် ပေးအပ်ထားသော လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆောင်ရွက်မှုအစီရင်ခံစာကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသော ပြည်သူ့ လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ အစီရင်ခံစာသည် ကော်မတီ စတင်ဖွဲ့စည်းချိန်မှစ၍ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ဆောင်ရွက်ချက်များကို ဖော်ပြ ထားပါသည်။

**မူကြမ်း**

၄။ အစီရင်ခံစာတွင် ဖော်ပြထားသည့်အကြောင်းအရာများနှင့်ဆက်စပ်၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် ဆက်လက်ဆောင်ရွက်ရန် အောက်ဖော်ပြပါကိစ္စရပ်များနှင့် အထွေထွေအကြံပြုချက်ကိုသိသာပါရန် တင်ပြအပ်ပါသည်။

**လွှတ်တော်များဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အစည်းအဝေးများ**

၅။ ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်များအရ အောက်ဖော်ပြပါ လွှတ်တော်များဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများသို့ အဖွဲ့ဝင်လွှတ်တော်အဖြစ် ဝင်ရောက်ခဲ့ပါသည်။ (က) အာဆီယံပါလီမန်ဆိုင်ရာ ညီလာခံ (Asean Inter-Parliamentary Assembly- AIPA) အရှေ့တောင်အာရှနိုင်ငံများအသင်းဝင်နိုင်ငံများလွှတ်တော် ပါလီမန်များ ပေါင်းစည်းဖွဲ့စည်းထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ် စက်တင်ဘာလမှစ၍ အဖွဲ့ဝင် အဖြစ်ပါဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် လွှတ်တော်များမပေါ်ပေါက်မီကပင် ယခင်က အဆိုပါ ညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်က လွှတ်တော်များ ပေါ်ပေါက်လာသည့်အခါ တင်းပြည့်အဖွဲ့ဝင်အဖြစ် အဆိုပြုခဲ့ပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် တီမောလက်စတီနိုင်ငံတို့ပါဝင်သော AIPA အထွေထွေညီလာခံကို တစ်နှစ်တစ်ကြိမ် ကျင်းပပြီး အခြားအစည်းအဝေးများဖြစ်သော Caucus အဖွဲ့ဆိုင်ရာ အစည်းအဝေးများနှင့် ဘာသာရပ်ဆိုင်ရာ အစည်းအဝေးတစ်ခုကို ကျင်းပလေ့ရှိပါသည်။ AIPA ညီလာခံ ဥက္ကဋ္ဌတာဝန်ကို အဖွဲ့ဝင်(၁၀)နိုင်ငံမှ အက္ခရာစဉ်အလိုက် လွှတ်တော်ဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်သည့် အစဉ်အလာရှိခဲ့ပါသည်။ ၂၀၁၆ ခုနှစ်သည် မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရန်ရှိပြီး (၃၇)ကြိမ်မြောက် AIPA ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၆ ခုနှစ်အတွင်း အိမ်ရှင်နိုင်ငံအဖြစ် လက်ခံဆောင်ရွက်ပေးရန်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ပြည်ထောင်စုလွှတ်တော် AIPA အဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီတစ်ရပ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးရန်ရှိပါကြောင်း တစ်ပါတည်းတင်ပြအပ်ပါသည်။ AIPA ညီလာခံကို နှစ်စဉ် စက်တင်ဘာလခန့်တွင် ကျင်းပလေ့ရှိပါသည်။ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် အခြေစိုက်သော AIPA အထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်ပါသည်။ (ခ) နိုင်ငံတကာ ပါလီမန်အဖွဲ့ Inter-Parliamentary Union (IPU) နိုင်ငံတကာပါလီမန်များ အများစုက အဖွဲ့ဝင် အဖြစ်ပါဝင်သော နိုင်ငံတကာပါလီမန်များအဖွဲ့ IPU သို့ မြန်မာလွှတ်တော် (ပြည်ထောင်စုလွှတ်တော်)က အဖွဲ့ဝင်အဖြစ်

ပြန်လည်ပါဝင်နိုင်ရေးကို ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ်၊ ဧပြီလတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါသည်။ အဆိုပါ IPU အဖွဲ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးရချိန်ကပင် အဖွဲ့ဝင် အဖြစ်ပါဝင်ခဲ့ပြီး ပါလီမန် ဒီမိုကရေစီစနစ် ကုန်ဆုံးချိန်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ခြင်းမပြုတော့သည့် အဖွဲ့အစည်းဖြစ်ပါသည်။ IPU ညီလာခံကို တစ်နှစ်လျင် နှစ်ကြိမ်အဖွဲ့အတွင်းရေးမှူးချုပ်ရုံး တည်ရှိရာ ဆွစ်ဇလန်နိုင်ငံ၊ ဂျီနီဗာ မြို့နှင့် အဖွဲ့ဝင်နိုင်ငံတစ်ခုတွင် အလှည့်ကျကျင်းပလေ့ရှိပါသည်။ နိုင်ငံတကာ ပါလီမန်အဖွဲ့ IPU ၏ (၁၃၄)ကြိမ်မြောက် ညီလာခံကို ၂၀၁၆ ခုနှစ် မတ်လတွင် အာဖရိကတိုက်၊ ဇန်ဘီယာနိုင်ငံတွင် ကျင်းပမည်ဖြစ်ပါသည်။ အစဉ်အလာအတိုင်း မြန်မာလတ်တော်ကိုယ်စားလှယ်အဖွဲ့ တက်ရောက် ရန်ရှိပါသည်။ (ဂ) အာရှ၊ ဥရောပပါလီမန်ဆိုင်ရာ မိတ်ဖက်နိုင်ငံများညီလာခံ (Asia- Europe Parliamentary Partnership Metting) ASEP မြန်မာနိုင်ငံပြည်ထောင်စုလတ်တော်သည် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာ ၃ ရက်နေ့နှင့် ၄ ရက်နေ့များတွင် လာအိုနိုင်ငံတွင် ကျင်းပသည့် (၇) ကြိမ်မြောက် ASEP ညီလာခံတွင် အဖွဲ့ဝင်ပါဝင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလက အီတလီနိုင်ငံ၊ ရောမမြို့တွင် ကျင်းပသည့် (၈)ကြိမ်မြောက် ASEP ညီလာခံသို့ ပြည်ထောင်စု လတ်တော်နာယက ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။ ASEP ညီလာခံမှာ နှစ်နှစ်လျင်တစ်ကြိမ် ကျင်းပလေ့ရှိပါသည်။ (၉) ကြိမ်မြောက် ASEP ညီလာခံကို မွန်ဂိုလီးယားနိုင်ငံ၊ အူလန်ဘတောမြို့တွင် ၂၀၁၆ ခုနှစ်အတွင်း ကျင်းပရန်ရှိပါကြောင်း ASEP အစည်းအဝေးသို့ အာရှ၊ ဥရောပလတ်တော်များမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ စေလတ်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါ သည်။

**ချစ်ကြည်ရေးခရီးစဉ်များ၊ ချစ်ကြည်ရေးအသင်းများ**

၆။ မြန်မာနိုင်ငံတွင် ပါလီမန်၊ ပါတီစုံဒီမိုကရေစီစနစ်အရ လတ်တော်များပေါ်ပေါက်ချိန် ၂၀၁၁ ခုနှစ်မှစ၍ အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဖိတ်ကြားချက်များအရ နှစ်နိုင်ငံ ချစ်ကြည်ရေးလတ်တော်များ အချင်းချင်းရင်းနှီးမတည်ဆောက်ရေး၊ လတ်တော်ရေးရာလုပ်ငန်းများ လေ့လာရင်းနဲ့ အခြားလူမှုစီးပွားရေးကဏ္ဍများလေ့လာရန် ပြည်ပနိုင်ငံအသီးသီးသို့ ချစ်ကြည်ရေး ခရီးများသွားရောက်ခဲ့ပါသည်။ ပြည်သူ့လတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလတ်တော် နာယကအဖြစ် သူရဦးရွှေမန်းသွားရောက်ခဲ့သည့် ပြည်ပခရီးစဉ် အကြိမ်ပေါင်းများမှာ (၂၃)ကြိမ် ဖြစ်ပါသည်။ နိုင်ငံ အရေအတွက်အားဖြင့် ၃၂ နိုင်ငံဖြစ်ပါသည်။ ဖိတ်ကြားချက်ရရှိထားပြီး ဖြစ်သော်လည်း လုပ်ငန်း တာဝန်များအရ အချိန်မရသဖြင့် မသွားရောက်နိုင်သော နိုင်ငံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဘီလာရု(စ)နိုင်ငံ၊ ပိုလန်နိုင်ငံ၊ ဟန်ဂေရီနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ငိင်ငံ၊ အစရေးငိင်ငံတို့ဖြစ်ပါသည်။

**မူကြမ်း**

၇။ ပြည်ထောင်စုလွှတ်တော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့အမျိုးသားကွန်ဂရက်နှင့်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်နှင့်လည်းကောင်း ပူးပေါင်း ဆောင်ရွက်ရေးသဘောတူစာချုပ်များ ချုပ်ဆိုထားပါသည်။ ချစ်ကြည်ရေးခရီးစဉ် သွားရောက်ချိန်တွင်လည်းကောင်း၊ သီးခြားအဆိုပြုချက်ရရှိချိန်တွင်လည်းကောင်း၊ လိုအပ်သည်ဟု ဆုံးဖြတ်ချိန်တွင်လည်းကောင်း လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များ ချုပ်ဆိုရန်ရှိပါသည်။

၈။ အာဆီယံနိုင်ငံလွှတ်တော်များ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံတို့မှ လွှတ်တော်များနှင့် ချစ်ကြည်ရေးအသင်းများ လျာထားဖွဲ့စည်းခဲ့သော်လည်း ယခုအခါ လွှတ်တော်ကိုယ်စားလှယ်များ ပြောင်းလဲမရှိ၍ အသစ်ပြန်လည်ဖွဲ့စည်းရန်ရှိပါသည်။

၉။ ယင်းကဲ့သို့ ချစ်ကြည်ရေးအသင်းများဖွဲ့စည်းရာတွင်၊ ပြည်သူ့လွှတ်တော်က သီးခြား၊ အမျိုးသားလွှတ်တော်က သီးခြားဖွဲ့စည်းထားခြင်းအစား လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များ ပါဝင်သော ပြည်ထောင်စုလွှတ်တော် ချစ်ကြည်ရေးအသင်းတစ်ခုတည်းကိုသာ ဖွဲ့စည်းသင့်ပါကြောင်း စဉ်စားသင့်ပါသည်။

**လွှတ်တော်အရည်အသွေးမြှင့်တင်ရေးအစီအစဉ်**

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏လမ်းညွှန်ချက်အရ လွှတ်တော်အရည်အသွေးမြှင့်တင်ရေးအတွက်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများကို ၂၀၁၂ ခုနှစ်မှစတင်၍ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဥပဒေကြမ်းပြုစုရေး၊ ရသုံးမှန်းခြေငွေစာရင်းစိစစ်ခြင်းနှင့် သီးခြားဘာသာရပ်များဆိုင်ရာ သင်တန်း၊ ဆွေးနွေးပွဲ၊ ဟောပြောပွဲများ၊ အင်္ဂလိပ်ဘာသာသင်တန်း၊ ကွန်ပျူတာသင်တန်းများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအတွက် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၁။ ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၂ ခုနှစ်တွင် (IPU) အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ချိန်မှစ၍ (IPU)နှင့် (UNDP) ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်တို့၏ ပူးပေါင်းစီစဉ်ချက်အရ လွှတ်တော်သို့ အကူအညီပေးရေး အစီအစဉ်များ တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ အလှူရှင် နိုင်ငံ/လွှတ်တော်များ တိုးပွား လာခဲ့ပါသည်။ လွှတ်တော်စာကြည့်တိုက်နှင့် သုတေသနဌာနတို့ကို တိုးချဲ့ဖွဲ့စည်းရေးမှ

စတင်ခဲ့ရာ ယခုအခါ လတ်တော်သင်ကြားရေးဌာန (Learning Centre) အဖြစ် တည်ထောင်ပြီး၊ လုပ်ငန်းများ ဆောင်ရွက်နေပါသည်။ UNDP ၏ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အကျိုးဝင်သော မြန်မာလတ်တော် မဟာဗျူဟာလေ့လာရေး စီမံကိန်း (Myanmar Hluttaw Strategic Plan) ရေးဆွဲပြီး ဖြစ်ရာ လတ်တော်အရည်အသွေးမြင့်တင်ရေး အစီအစဉ်များကို ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားရန် ရှိပါကြောင်း တင်ပြအပ်ပါသည်။ လေ့ကျင့်သင်ကြားပေးသည့် သင်တန်း အစီအစဉ်များနှင့် သင်တန်း သားဦးရေကို ကော်မတီ၏ အစီရင်ခံစာတွင် ဖေါ်ပြထားပါသည်။

**အကြံပြုတင်ပြချက်**

၁၂။ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော လတ်တော်ဆိုင်ရာ ညီလာခံများသို့ ကိုယ်စားလှယ်အဖွဲ့ စေလတ်ရာတွင် အထူးသဖြင့် IPU ညီလာခံသို့ အဆိုပြုဦးရေကို ဖြတ်တောက်၍ တစ်ဦးစနှစ်ဦးစသာ သက်ဆိုင်ရာမှခွင့်ပြုချက်ရရှိခဲ့ပြီး စေလတ်ခဲ့ရာ၊ ညီလာခံအစီအစဉ်ပါ အဖွဲ့ခွဲ အစည်းအဝေးများသို့ မတက်ရောက်နိုင်ခြင်း၊ အမျိုးသမီးလတ်တော် ကိုယ်စားလှယ်မပါဝင်၍ မဲပေးရာတွင် အခွင့်အရေးဆုံးရှုံးခြင်းများ ကြုံတွေ့ရပါသည်။ သို့ပါ၍ ညီလာခံတက်ရောက်ရခြင်း အကျိုးအပြည့်အဝရရှိနိုင်ရန် ကိုယ်စားလှယ်ဦးရေကို တိုးမြင့်စေလတ်သင့်ပါသည်။

၁၃။ လတ်တော်အရည်အသွေးမြင့်တင်ရေးအတွက် သင်တန်းများ၊ ဆွေးနွေးပွဲများကျင်းပရာတွင် တစ်ခါတစ်ရံ လတ်တော်ကိုယ်စားလှယ်များအတွက် သင်တန်း၊ ဆွေးနွေးပွဲများမှာ အခြားလတ်တော် ဆိုင်ရာလုပ်ငန်းများကြောင့် ရုံးချိန်ကျော်လွန်မှ ကျင်းပရသဖြင့် သင်တန်း၊ ဆွေးနွေးပွဲအပေါ် စိတ်ဝင်စားမနည်းပါးကြပါသည်။ နည်းလမ်းရှာကြံ စဉ်းစားသင့်ပါသည်။ လတ်တော် ဝန်ထမ်းများ အတွက် သင်တန်း၊ ဆွေးနွေးပွဲများမှာ လျာထားဦးရေ အပြည့်အဝတက်ရောက်နိုင်ကြောင်း တွေ့ရှိရ ပါသည်။

**နိဂုံး**

၁၄။ ပြည်သူ့လတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီက ပြည်သူ့လတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်မနှင့်အညီဆောင်ရွက်နေသော လုပ်ငန်းတာဝန်များအနက်မှ အဓိကကျသော လုပ်ငန်းများကို ဒုတိယအကြိမ် ပြည်သူ့လတ်တော် အစည်းအဝေးသို့ တက်ရောက်ကြမည့် လတ်တော်ကိုယ်စားလှယ် များအတွက် ရည်ရွယ်၍ အကျဉ်းချုပ် ကောက်နုတ်တင်ပြ အစီရင်ခံအပ်ပါသည်။ကျေးဇူးတင်ပါတယ်။

## စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ သုံးသပ်အကြံပြုချက် တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက သုံးသပ်အကြံပြုချက်တင်ပြရန်ဖြစ်၍ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းသန်း(အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ ကျက်သရေမင်္ဂလာအပေါင်းင့်ငှ့် ပြည့်စုံ ပါစေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျနော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းဖြစ်ပါတယ်။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော်ရှိ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ကော်မတီ၏တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးဆိုးတိုးတက်ရေးကော်မတီကို ၅-၉-၂၀၁၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၆/ ၂၀၁၁)အရ ယာယီကော်မတီ ( Ad –hoc Committee) အဖြစ်လည်းကောင်း၊ ၂၁-၈-၂၀၁၂ ရက်စွဲဖြင့်လည်းကောင်း၊ ၉-၆-၂၀၁၄ ရက်စွဲဖြင့် လည်းကောင်း အကြိမ်ကြိမ် ပြောင်းလဲဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ယခုအခါ ပထမအကြိမ်ပြည်သူ့လွှတ်တော်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်ပါသောကြောင့် နောက်လာမည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်သက်တမ်းမှ ကိုယ်စားလှယ်များက လိုအပ်သလိုမှီငြမ်းလေ့လာ သုံးသပ်နိုင်စေရန် အလို့ငှာ မိမိတို့အတွေ့အကြုံ ပေါ်တွင်မူတည်လျက် ဤအကြံပြုချက်စာတမ်းငယ်ကို ရေးသား ပြုစုအပ်ပါတယ်။

**ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးများသို့ တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များထဲမှ မည်သူပင်ဖြစ်စေ ဤကော်မတီ သို့မဟုတ် အလားတူ စီးပွားရေးကိစ္စရပ်ဆိုင်ရာကော်မတီများသို့ ရောက်ရှိတာဝန်ထမ်းဆောင်ရပါက အဆင်ပြေချောမွေ့စွာ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်စေရန်နှင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် လိုအပ်သလို မှီငြမ်းအသုံးချနိုင်စေရန် ရည်ရွယ်ပါတယ်။

**ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းကာလအတွင်း ကော်မတီ၏ ဆောင်ရွက်ချက်များ**

၃။ (က) **ဥပဒေပြုရေး**

(၁) **ပြဋ္ဌာန်းပြီးတဲ့ဥပဒေများကတော့-**

- အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ
- ပို့ကုန်သွင်းကုန်ဥပဒေ
- မြန်မာနိုင်ငံကုန်စည်အမှတ်အသား အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
- စားသုံးသူအကာအကွယ်ပေးရေးဥပဒေ
- စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ

စုစုပေါင်း(၅)ခုဖြစ်ပါတယ်။

(၂) **ရုပ်သိမ်းပြီးဥပဒေကတော့-**

-The Agricultural Produce Markets Act (India Act,17,1941,Vol.IV) နှင့် လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေ (ဥပဒေအမှတ် ၇/၂၀၁၅)တို့ဖြစ်ပါတယ်။

(၃) **ကော်မတီမှတင်သွင်းခဲ့တဲ့ဥပဒေကတော့-**

- မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေဖြစ်ပါတယ်။

(၄) **စိစစ်ဆဲဥပဒေများအနေနဲ့ကတော့-**

- စံချိန်စံညွှန်းဥပဒေတွင် ပါဝင်သွားပြီးဖြစ်သောကြောင့် ဖျက်သိမ်းရန် စိစစ်နေတဲ့ The Weight and Measures of Capacity Act (India Act, No 31, 1871, Vol.V) နှင့်

-The Measuring Basket Standardization Act (India Act, No.2/1939,Vol.V) တို့ပဲဖြစ်ပါတယ်။

(၅) **စိစစ်ရန်ကျန်ရှိတဲ့ဥပဒေကတော့-**

- အသေးစားစက်မှုလက်မလုပ်ငန်းမြှင့်တင်ရေးဥပဒေနှင့်

- သမဝါယမအသင်းဥပဒေ

- မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးအက်ဥပဒေတို့ပဲဖြစ်ပါတယ်။

(၆) **ပယ်ဖျက်ရန်ကျန်ရှိတဲ့ဥပဒေကတော့-**

- The Sale of Goods Act (India Act 3, 1930, Vol.III)ဖြစ်ပါတယ်။

- The Measuring of Length Act (India Act, 17, 1941, Vol.IV)နှင့်

- ကောက်ပဲသီးနှံလယ်ယာခြံထွက်ပစ္စည်းဝယ်ယူမှု စည်းမျဉ်းသတ်မှတ်ရေးဥပဒေ (ဥပဒေအမှတ် ၄၅၊ ၁၉၆၂ ခုနှစ်)တို့ပဲဖြစ်ပါတယ်။

(၇) **ဆောင်ရွက်ဆဲဥပဒေများကတော့-**

- Safeguard Law

- Anti-dumping Law နှင့်

- Counter Vailing Law တို့ဖြစ်ပါတယ်။

ဒီ Law (၃) ခုကတော့ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် AEC နှင့် AFTA ကို ဝင်ရောက်လာတဲ့အခါ မိမိပြည်တွင်းလုပ်ငန်းများရဲ့ ယှဉ်ပြိုင်နိုင်စွမ်းသန်မာစေရေးအတွက် ဆောင်ရွက်ဆဲဥပဒေ (၃)ခုဖြစ်ပါတယ်။

**မူကြမ်း**

(ခ) **အစည်းအဝေးများနှင့်ကြားနာစိစစ်ရေး**

(၁) ကော်မတီဟာ အစည်းအဝေးအကြိမ်ရေပေါင်း (၃၂)ကြိမ်၊

(၂) ဝန်ကြီးဌာနနှင့် အစည်းအဝေး အကြိမ်ရေပေါင်း (၂၈)ကြိမ်၊

(၃) UMFCCI ၊ ဟိုတယ်ခရီးအသင်းအစရှိတဲ့ အရပ်ဖက်လူမ ပြင်ပအဖွဲ့အစည်းများနှင့် အစည်းအဝေးအကြိမ်ရေပေါင်း (၈)ကြိမ်၊

(၄) ပြည်ထောင်စုလတ်တော် ပူးပေါင်းကော်မတီအနေဖြင့် အစည်းအဝေးအကြိမ်ရေပေါင်း (၅)ကြိမ်၊

(၅) နိုင်ငံခြားအဖွဲ့အစည်းများနှင့် အစည်းအဝေးအကြိမ်ရေပေါင်း (၁၁)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

(ဂ) အစီရင်ခံစာတင်သွင်းရေးအားဖြင့် (၅)နှစ်သက်တမ်းကာလအတွင်း ပြည်သူ့လတ်တော်သို့ အစီရင်ခံစာပေါင်း(၂၁)စောင်နှင့် ပူးပေါင်းကော်မတီအနေဖြင့် အစီရင်ခံစာပေါင်း (၁၀)စောင် တင်သွင်းခဲ့ပါတယ်။

**သုံးသပ်အကြံပြုချက်များ**

သုံးသပ်အကြံပြုချက်များကိုတင်ပြပါ့မယ်။ စုစုပေါင်း သုံးသပ်အကြံပြုချက်(၂၃)ချက်ကို အပိုင်း (၄)ပိုင်းခွဲ၍ တင်ပြအပ်ပါတယ်။

အပိုင်း(က) ဥပဒေပြုရေးဖြစ်ပါတယ်။

၄။ (က) ပထမအကြိမ်၊ ပြည်သူ့လတ်တော်ရှိ ဤကော်မတီ၏ နောက်ဆုံးအစီရင်ခံစာများနှင့် ဆောင်ရွက်ဆဲ လက်ကျန်ဥပဒေစာရင်းများကို လေ့လာစိစစ်သင့်ပါသည်။

(ခ) ကော်မတီက ကိုင်တွယ်ရမည့် ဌာန/ အဖွဲ့အစည်းများ၏ လက်ရှိကျင့်သုံးနေသော တည်ဆဲဥပဒေများ၏ အားသာချက်/ အားနည်းချက်များကို စတင်စိစစ်သင့်ပါသည်။

(ဂ) ဌာန/ အဖွဲ့အစည်းများ၏ လက်ရှိကျင့်သုံးခြင်း မရှိတော့သဖြင့် ပယ်ဖျက်ရန်လိုအပ်သော ဥပဒေဟောင်းများကို အမြန်ဆုံးဖော်ထုတ်၍ လတ်တော်သို့ တင်သင့်ပါသည်။

**မူကြမ်း**

(ဃ) ဌာန/အဖွဲ့အစည်းများက တိုက်ရိုက်ကိုင်တွယ် ကျင့်သုံးရမည့် ဥပဒေများအပြင် ဆက်နွယ်လိုက်နာနေရသည့် ဥပဒေများကိုလည်း စာရင်းပြုစုလေ့လာသင့်ပါသည်။ (ဥပမာ - နှစ်စဉ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ မြန်မာ့စီးပွားရေးအထူးဇုန်ဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေများဖြစ်ပါတယ်)

(င) ပြည်ထောင်စုအစိုးရနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများက ကမကထ ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများသို့ ဤကော်မတီဝင်များ အလှည့်ကျ တစ်ဖွဲ့မဟုတ် တစ်ဖွဲ့ မပျက်မကွက် တက်ရောက်စေသင့်ပါသည်။ သို့ရာတွင် နိုင်ငံတကာအစည်းအဝေး အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ လတ်တော်များသမဂ္ဂနှင့် အစည်းအရုံး (IPU & IPO) များသို့လည်းကောင်း၊ အာဆီယံပါလီမန်အသိုက်အဝန်း (AIPA) အစည်းအဝေးများသို့လည်းကောင်း တက်ရောက်ရာတွင် ရှေ့နောက်ဆက်စပ်ရန်လိုအပ်ပါသောကြောင့် စီးပွားရေးဥပဒေဆိုင်ရာ ကျွမ်းကျင်သူများကို အနည်းဆုံး အဖွဲ့ခွဲခေါင်းဆောင် ၂ ဦးမှ ၃ ဦးအထိ ပုံသေလေ့ကျင့်လျာထားသင့်ပါသည်။

**အပိုင်း (ခ) တရားဥပဒေစိုးမိုးရေး**

**(နည်းဥပဒေများ ဆက်လက်ကျင့်သုံးမှု အကျိုးသက်ရောက်ပုံ စိစစ်ရေး)**

ဒီအပိုင်းကတော့ (နည်းဥပဒေများ ဆက်လက်ကျင့်သုံးမှု အကျိုးသက်ရောက်ပုံစိစစ်ရေး)အပိုင်းအဖြစ်တင်ပြအပ်ပါတယ်။

၅။ (က) ကော်မတီက ကိုင်တွယ်ရသည့် ဌာန/အဖွဲ့အစည်းများ၏ လက်ရှိကျင့်သုံးနေသော ဥပဒေများမှ ဆင့်ကဲပေါက်ဖွားလာသည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တို့မှအစ လတ်တော်သို့ တောင်းယူလေ့လာသုံးသပ်သင့်ပါသည်။

(ခ) နည်းဥပဒေများ လတ်တော်သို့ရောက်ရှိသည့်အခါ ရက်ပေါင်း(၉၀)အတွင်း ပြင်ဆင်လိုသည့်အချက်များကို မပျက်မကွက် လေ့လာပေးပို့သင့်ပါသည်။

(ဂ) အထက်ပါနည်းဥပဒေမှသည် ညွှန်ကြားချက်အထိ ဥပဒေငယ်များ၏ အကျိုးသက်ရောက်မှုကို အမှန်တကယ်ခံစားနေရသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အသံကိုကြားနာရန်နှင့် ကြားနာပြီးနောက် ပြုပြင်ရန်လိုအပ်သည့်အချက်ကို လတ်တော်တွင်

**မူကြမ်း**

အဆိုတင်၍ အစိုးရအဖွဲ့အား ဆောလျင်စွာ လိုက်နာအကောင်အထည်ဖော်စေသင့်ပါသည်။

(ဃ) ဤကော်မတီက ကိုင်တွယ်ရသည့် ဌာန/အဖွဲ့အစည်းများက ဆက်စပ်လိုက်နာဆောင်ရွက်ရမည့် အခြားဥပဒေ၊ နည်းဥပဒေများသည် မိမိတို့၏မူလတာဝန်ကို ကြီးစွာသောအကျိုးသက်ရောက်မှု ရှိ/မရှိ၊ အားလုံးခြုံငုံထိမိစွာဖြင့် လိုက်လျောညီထွေမှု ရှိ/မရှိတို့ကို ပြန်လည်စိစစ်ရန်နှင့် အကြောင်းမညီညွတ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများကို ခေါ်ယူကြားနာပြီး လွှတ်တော်သို့ အဆိုတင်သွင်းသင့်ပါသည်။

(င) ခေါ်ယူကြားနာရုံမျှဖြင့် ရှင်းလင်းလွယ်ကူမှု မရှိနိုင်သော အထူးကိစ္စရပ်များအတွက် ကွင်းဆင်းလေ့လာမှု ပြုလုပ်သင့်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် လွှတ်တော်ရုံးက စီစဉ်ပေးရပါမည်။

(စ) တိုင်စာများနှင့် အထူးကိစ္စရပ်များ ပေါ်ပေါက်မှုအတွက် ကြားနာစစ်ဆေးခြင်းကို ကော်မတီတွင် ရက်သတ္တပါတ်လျှင် (၁)ကြိမ် အချိန်ပေးဆောင်ရွက်နိုင်ရန် အချိန်ဇယားရေးဆွဲစီစဉ်ထားသင့်ပါသည်။

**အပိုင်း (ဂ) အမျိုးသားစီမံကိန်းများနှင့် ဘဏ္ဍာငွေအရအသုံးဥပဒေများ ပြဋ္ဌာန်းနိုင်ရေး**

၆။ (က) လာမည့် ဘဏ္ဍာနှစ်တစ်နှစ်အတွက် ရေးဆွဲရမည့် အမျိုးသားစီမံကိန်းဥပဒေ မူကြမ်းနှင့် အရအသုံးစာရင်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းက လုပ်ငန်းပညာရှင်၊ ဘဏ္ဍာရေးပညာရှင်နှင့် လွှတ်တော်ကော်မတီတို့သည် ပြည်ထောင်စု၏ ဘဏ္ဍာရေးကော်မရှင်သို့ မတင်သွင်းမီ အနည်းဆုံး ၃ လ ကြိုတင်၍ လွှတ်တော်ကော်မတီ၌ ပူးပေါင်းစဉ်းစားရေးဆွဲသင့်ပါသည်။

(ခ) ဘဏ္ဍာနှစ်အလိုက် အဆက်အစပ် ထိထိမိမိရှိပြီး အနီးစပ်ဆုံး သုံးသပ်နိုင်စေရန်အလို့ငှာ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှ အဆိုပြုလျာထားချက်များ တောင်းခံသည့်အခါ စာရွက်စာတမ်း (Hard Copy) သာမက ဆက်လက်တည်းဖြတ်၍ရနိုင်သော ကွန်ပျူတာမှတ်တမ်း (Rewritable Soft Copy) များပါ တောင်းခံသင့်ပါသည်။

(ဂ) ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီများနှင့် ပြည်သူ့လွှတ်တော်ရှိ အစိုးရကတိ/ အာမခံချက်များစိစစ်ရေးကော်မတီတို့က ဆက်စပ်ညှိနှိုင်းအကြောင်းကြားလာသည့် ကိစ္စရပ်များကို ဦးစားပေး(၁)စာရင်းတွင် ထားရှိဆောင်ရွက်သင့်ပါသည်။

(ဃ) ပြည်ထောင်စု၏ အကောက်ခွန်ဥပဒေကြမ်းနှင့်ပတ်သက်လျှင် ဆက်စပ်နေသော ပြင်ပစီးပွားရေးနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုလွှတ်တော်၏ ပူးပေါင်းကော်မတီများ ကြားနာစိစစ်ပွဲများရှိပါက ထိုအစည်းအဝေးများကို ဤကော်မတီအနေဖြင့် မပျက်မကွက် တက်ရောက်သင့်ပါသည်။

**အပိုင်း (ဃ) လွှတ်တော်တွင်း စီမံခန့်ခွဲမရေးရာကိစ္စရပ်များ**

အပိုင်း(ဃ) နောက်ဆုံးအပိုင်းဖြစ်ပါတယ်။ လွှတ်တော်တွင်း စီမံခန့်ခွဲမရေးရာကိစ္စရပ်များ ဖြစ်ပါတယ်။

၇။ (က) ရေးရာကော်မတီတစ်ခုတွင် ၁၅ ဦး ပုံသေမထားဘဲ လိုအပ်ချက်အရ ဖွဲ့စည်းသင့်ပြီး ထိုအရေအတွက်အလိုက် သက်ဆိုင်သည့် လွှတ်တော်ဆိုင်ရာဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်။

(ခ) ကော်မတီတစ်ခုလျှင် ကော်မတီအဖွဲ့ဝင် တစ်ဦးစီအတွက် အနည်းဆုံး စာရေးလက်ထောက် (၁)ဦးစီနှင့် ကော်မတီရုံးအဖွဲ့ အထိုင် (၃) ဦး ထားရှိသင့်ပါသည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်အားလုံးအတွက် မဖြစ်နိုင်သေးစေကာမူ ကော်မတီ အဖွဲ့ဝင်များအတွက် လွှတ်တော်ဝင်းနှင့် အနီးဆုံးနေရာတွင် နေထိုင်စရာ အိမ်ခန်းများကို နိုင်ငံတကာလွှတ်တော်များနည်းတူ ဦးစားပေး ထားရှိဆောင်ရွက်သင့်ပါသည်။

(ဃ) လွှတ်တော်အဆောက်အဦး တစ်ခုနှင့်တစ်ခု မိုးလုံလေလုံစင်္ကြန်လမ်းများ အမြန်ဆုံးထားရှိ တပ်ဆင်သင့်ပါသည်။

(င) ဥပဒေကြမ်းကော်မတီနှင့် ပူးပေါင်းကော်မတီများအတွက်ဆိုပါက အထက်တွင် တင်ပြပါ ဝန်ထမ်းအင်အားထက် (၂) ဆ တိုးမြှင့်ခန့်ထားပေးသင့်ပါသည်။

(စ) လွှတ်တော်၏ (စီ) ဆောင်ဦးဖြစ်စေ၊ (ဒီ) ဆောင်ဦးဖြစ်စေ၊ သက်ဆိုင်ရာ ရေးရာကော်မတီ အဆောင်ဦးဖြစ်စေ ကြားနာစိစစ်ရန် အကြောင်းပေါ်ပေါက်ပါက ကြားနာစိစစ်ရေးပုံစံဝင်

သောအခင်းအကျင်းများအတွက် လိုက်ဖက်ညီသည့် ပရိဘောဂ၊ အသံဖမ်းစက်၊ ဆလိုက်၊ ပိတ်ကား စသည်ဖြင့် တပ်ဆင်ထားရှိသင့်ပါသည်။

(ဆ) ပြည်တွင်း၊ ပြည်ပ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများသို့ ကိုယ်စားလှယ်များ တက်ရောက်ရသည့်အခါတိုင်း ထိုကိုယ်စားလှယ်အဖွဲ့၏ အနည်းဆုံး ၃ ပုံ ၁ ပုံကို အရာထမ်းလက်ထောက်များ ထည့်သွင်းလိုက်ပါစေသင့်ပါသည်။

(ဇ) လွှတ်တော်အစည်းအဝေး နားနေသည့်အချိန် ခေတ္တအားလပ်ချိန်များသည် လွှတ်တော်ကိုယ်စားလှယ်အသီးသီး၏ ကိုယ်ပိုင်ပေါ့ပါးလွတ်လပ်သောအချိန်များ ဖြစ်ကြသဖြင့် ထိုအခိုက်အတန့်ကာလအတွင်း လွှတ်တော်ခန်းမများနှင့် စားသောက်ခန်းမများ အတွင်းသို့ မီဒီယာများက မှတ်တမ်းရိုက်ကူးခြင်းများကို တားမြစ်သင့်ပါသည်။

**နိဂုံး**

၈။ အထက်ပါသုံးသပ်အကြံပြုချက်များသည် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စု လွှတ်တော်တွင် ဆောင်ရွက်ရသည့် အတွေ့အကြုံ များအပေါ်တွင်သာ အခြေခံထားရခြင်းဖြစ်ပါသော ကြောင့် ခေတ်ကာလအခြေအနေနှင့်အညီ ဥပဒေပြဋ္ဌာန်းချက်များ ပြောင်းလဲလာသည်နှင့်အမျှ လိုက်နာဆောင်ရွက်သင့်သော၊ ဖြည့်ဆည်းထောက်ပံ့ပေးသင့်သော အချက်အလက်များသည်လည်း အတူလိုက်ပါပြောင်းလဲနေရမည်သာ ဖြစ်ပါကြောင်း နိဂုံးချုပ်တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၂၀ ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီရှင်။

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အချိန်ရဲ့လိုအပ်ချက်အရ အစီအစဉ်ကိုကျော် ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အစီအစဉ် ၁၄ ကို ဆောင်ရွက်ပါမယ် ခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာခဲ့တဲ့အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ဖြစ်တဲ့ ၁၈-၁-၂၀၁၆ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်းပဲ ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ်တို့က ပြင်ဆင်ချက် (၁၈) ချက်အား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးမှာ ဖြစ်ပါတယ်။ ယခု အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်ကိုဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာ ကြသောလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်အားလုံး၊ ဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။ ဒုတိယဥက္ကကြီးးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံတော် သမတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အနည်းငယ်တင်ပြလိုပါတယ်။ ဒီဥပဒေနှင့် ပတ်သက်ပြီးတော့မှ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှ သမတကြီးအား Honour လုပ်ပေးတဲ့ဥပဒေဖြစ်တယ်။ ဂုဏ်ယူလေးစားသောအားဖြင့် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးကြ ဖို့ မှာကြားကြောင်းလည်း သိရပါတယ်။ ဤဥပဒေကို

အမြန်ဆုံးနဲ့ မှန်မှန်ကန်ကန်ဖြစ်အောင် စကားရပ် တစ်ခုချင်းဆီနဲ့ လက်ရှိအခြေအနေ၊ အနာဂတ်အခြေအနေများကို လေ့လာသုံးသပ်၍ ထပ်မံပြင်ဆင် ချက်များဖြင့် သုံးသပ်တင်ပြရခြင်းဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျနော်တို့အနေနဲ့ ပြင်ဆင်ရာမှာ ကိုယ်ရံတော်ဆိုသည်မှာဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ မူလအဆိုပြုပြဋ္ဌာန်းချက်မှာ သမတအား တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ခြင်းနှင့် လက်ရောက်မပြုခြင်းတို့မှ အကာအကွယ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနက ခန့်အပ်သူကိုဆိုသည် ဆိုတဲ့အချက်မှာ သမတအားဆိုတဲ့ စကားရပ်မှာ သမတတာဝန်ထမ်းဆောင်ခဲ့သူအားလို့ ဆီလျော်အောင် ပြင်ဆင်ပါတယ်။ သမတအားဆိုသည်မှာ လက်ရှိတာဝန်ထမ်းဆောင်နေသူဟာ သမတအဖြစ်ရှိပြီးတော့ သမတတာဝန်ထမ်းဆောင်ခဲ့သူဟာ ဤဥပဒေသည် သမတတာဝန်ထမ်းဆောင်ခဲ့သူရဲ့ လုံခြုံရေးဆိုင်ရာ ဥပဒေဖြစ်တဲ့အတွက် သမတတာဝန်ထမ်းဆောင်ခဲ့သူအားဆိုတဲ့ စကားရပ်ဟာ ပိုပြီးသင့်လျော်ပါတယ်။ နောက် ထပ်မံပြီးတော့ တိုက်ခိုက်ခြင်း၊ နှောက်ယှက်ခြင်းနှင့် လက်ရောက်မပြုခြင်းတို့မှ အကာအကွယ်ပေးရန်ဆိုတဲ့ နေရာမှာ တိုက်ခိုက်ခြင်း ဆိုတဲ့စကားရပ်ကို ဒီနေရာမှာ မလိုအပ်တော့ဘူးလို့ ယူဆပါတယ်။ အဲဒီအတွက် နှောင့်ယှက်ခြင်းနှင့် အန္တရာယ်ပြုခြင်းတို့ စကားရပ်ကို ကျစ်လျစ်စွာနဲ့ အဓိပ္ပာယ်ပြည့်စုံစွာ ပါဝင်နေပြီဖြစ်တဲ့အတွက် နှောင့်ယှက်ခြင်းနှင့် အန္တရာယ်ပြုခြင်းတို့မှ အကာအကွယ်ပေးရန်ဆိုတဲ့ စကားရပ်နဲ့ ဒီနေရာမှာ ပြင်ဆင်ပါတယ်။ နှောင့်ယှက်ခြင်းနှင့် အန္တရာယ်ပြုခြင်းတို့မှ အကာအကွယ်ပေးရန်ဆိုတာကို မူလ ဥပဒေပြဋ္ဌာန်းချက်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ခန့်အပ်သည်ကိုဆိုသည်ဆိုတာ စကားရပ်ပါတယ်။ ဒီနေရာမှာ ကိုယ်ရံတော်ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ခန့်အပ်သူကိုဆိုရင် ဒီဝန်ကြီးဌာနကို တိကျစွာ ဖော်ပြဖို့ လိုအပ်ပါတယ်။ ဒါ Focal Ministry အနေနဲ့ တာဝန်ယူ တာဝန်ခံရမယ့် ဝန်ကြီးဌာနကို ဖော်ပြခြင်းဖြစ်တဲ့အတွက် ဒီကိုယ်ရံတော်ဆိုတဲ့ လုပ်ငန်းနဲ့သက်ဆိုင်တဲ့ လုပ်ငန်းတွေကို ပြည်ထဲရေးဝန်ကြီးဌာနကသာ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနက ခန့်အပ်သူကို ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ အနည်းငယ်ရှင်းပြချင်တာက အခြားဝန်ကြီးဌာနအနေနဲ့ရော ကိုယ်ရံတော်ကိုတာဝန်ယူလို့မရဘူးလားဆိုတဲ့ စကားရပ်အငြင်းပွားမတွေ ရှိလာနိုင်ပါတယ်။ ဒီနေရာမှာ ကိုယ်ရံတော်ဆိုတာ လက်ရှိသမတအတွက် တာဝန်ထမ်းဆောင်သူမဟုတ်ဘဲနဲ့ နိုင်ငံတော်သမတ အငြိမ်းစားယူပြီးမှ အငြိမ်းစားသမတကို ကာကွယ်ပေးခြင်းဖြစ်တဲ့အတွက် ဒီနေရာမှာ အခြားဝန်ကြီးဌာနများနှင့် မသင့်လျော်ဘူး။ ပြည်ထဲရေးဝန်ကြီးဌာနကသာ ကိုယ်ရံတော်ကို တာဝန်ယူ

ခန့်အပ်ဖို့ လိုအပ်တာ ဖြစ်တဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနက ခန့်အပ်သူကို ဆိုသည်လို့ ပြင်ဆင်ခြင်း ဖြစ်ပါတယ်။ ကျန်တော့် ပြင်ဆင်ချက်အား လတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အပိုဒ် ၂ အပိုဒ်ခွဲ(ခ)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျန်မအနေဖြင့် ပြည်သူ့လတ်တော်က ပြင်ဆင်ရန် တင်ပြခဲ့တဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ကို ကျန်မတင်ပြပါ့မယ်ရှင်။ ကိုယ်ရံတော်ဆိုသည်မှာ နိုင်ငံတော်သမတတာဝန်ထမ်းဆောင် ခဲ့သူအား နှောင့်ယှက်ခြင်းနှင့် အန္တရာယ်ပြုခြင်းတို့မှ အကာအကွယ်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာန ကခန့်အပ်သူကိုဆိုသည်ဆိုတဲ့ နေရာမှာ ကျန်မအနေနဲ့ လေးလေးနက်နက်ထောက်ခံပါတယ်ရှင်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူရဲ့ အသက်အန္တရာယ် အနှောင့် အယှက်ပြုမကို ကာကွယ်ရန်ဖြစ်တဲ့အတွက် ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် လုံခြုံရေးတာဝန်ယူရတဲ့ ပြည်ထဲရေးဝန်ကြီးဌာနမှာရှိနေတဲ့ ပြည်သူ့ရဲနှင့်သာ သက်ဆိုင်တယ်လို့ ကျန်မအနေနဲ့ ယူဆပါတယ်။ ဒါကြောင့် ပြည်သူ့လတ်တော်က ပြင်ဆင်ရန် တင်ပြချက်က အလွန်သင့်တော်တဲ့ ပြင်ဆင်ချက်ဖြစ်တဲ့အတွက်ကြောင့် လတ်တော်ကိုယ်စားလှယ်များမှ ထောက်ခံပေး နိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အပိုဒ် ၂ အပိုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သီဟကို ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သီဟ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျန်တော့်အနေနဲ့ နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူရဲ့ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းအပေါ် ပြင်ဆင်ချက်ပြုလုပ်၍ အတည်ပြုနိုင်ရေးအတွက် ပြည်သူ့လတ်တော်နဲ့ အမျိုးသားလတ်တော်တို့ရဲ့ ပြင်ဆင်ချက်များကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေဟာ ပါတီဝင်ဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်စေ၊ ပါတီဝင်မဖြစ် ခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်စေ၊ မည်သည့်အစိုးရအဖွဲ့တွင်ဖြစ်စေ သမတတာဝန် ထမ်းဆောင်ခဲ့သူပဲ ဤဥပဒေဟာ အတည်ပြုနိုင်မှာ ဖြစ်ပါတယ်။ ပထမပိုင်း ဆွေးနွေးလိုတာကတော့

ရှေ့နောက်စာသားညီစေရန်အတွက် နိုင်ငံတော်သမတတာဝန် ထမ်းဆောင်ခဲ့သူအား နှောင့်ယှက်ခြင်းနှင့် အန္တရာယ်ပြုခြင်းတို့မှ အကာ အကွယ်ပေးရန်ဆိုသည့် စာသားပြင်ဆင်မှုကတော့ ဆွေးနွေးဖို့အတွက် အဆိုပြုပြင်ဆင်ချက်အတိုင်း ဆွေးနွေးမယ်လို့ အမည်စာရင်းပေးပြီးတဲ့နောက်မှာမှ ဥပဒေကြမ်းကော်မတီမှာ ပြန်လည်ဆွေးနွေးပြီး တော့မှ ပြင်ထားခြင်းဖြစ်ပါတယ်။ ဒီစာသားပြင်ဆင်မှုနဲ့ ပတ်သက်လို့ကတော့ ဆွေးနွေးရန်မရှိပါဘူး။ သို့သော်လည်းပဲ ဒီစာပိုဒ်မှာ ဥပဒေကြမ်းပေါ်မှာ စကားရပ်ပြင်ဆင်တဲ့အခါမှာတော့ အပိုင်း ၂ ပိုင်း ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ကျန်တော့်အနေနဲ့ အပိုင်း ၂ ပိုင်းအနေနဲ့ ခွဲပြီးတော့မှ ဆွေးနွေးတင်ပြ ရတာဖြစ်ပါတယ်။ ဒုတိယအပိုင်းအနေနဲ့ ဆွေးနွေးလိုတာကတော့ နိုင်ငံတော်သမတတာဝန် ထမ်းဆောင်ခဲ့သူဟာ နိုင်ငံရဲ့တာဝန်ကို ထမ်းဆောင်ပြီးတဲ့နောက်မှာ ကိုယ်တာဝန်ထမ်းဆောင်ခဲ့စဉ်က ဥပဒေနှင့်အညီ ဆုံးဖြတ်ခဲ့မှုများနှင့် စပ်လျဉ်းပြီးတော့မှ အနှောင့်အယှက်ပေးခြင်း၊ အန္တရာယ်ပြုခြင်းတို့ မှ ကာကွယ်နိုင်ရန်အတွက် လုံခြုံရေးဆောင်ရွက်ပေးရန် ဖြစ်ပါတယ်။ မူလအဆိုပြုပြင်ဆင်ချက်အရ နိုင်ငံတော်သမတ တာဝန်ထမ်းဆောင်ခဲ့သူမှ ၎င်းရဲ့စိတ်ဆန္ဒအရ ကာကွယ်ရေးဝန်ကြီးဌာနမှဖြစ်စေ၊ ပြည်ထဲရေး ဝန်ကြီးဌာနမှဖြစ်စေ တောင်းခံခွင့်ရှိမှာ ဖြစ်ပါတယ်။ မူလအဆိုပြုပြင်ဆင်ချက် အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)မှာ သက်ဆိုင်ရာဝန်ကြီးဌာနဆိုသည်မှာ ကာကွယ်ရေးဝန်ကြီးဌာန သို့မဟုတ် ပြည်ထဲရေး ဝန်ကြီးဌာနကို ဆိုသည်လို့ ပါရှိပါတယ်။

ပြည်သူ့လတ်တော်ရဲ့ ပြင်ဆင်ချက်များအရ ကာကွယ်ရေးဝန်ကြီးဌာနကို ပယ်ဖျက်၍ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)၊ (ဂ) ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆ ပုဒ်မခွဲ (က)၊ (ခ) ပုဒ်မ ၇ ပုဒ်မခွဲ (က)၊ (ခ) ပုဒ်မ ၈၊ ပုဒ်မ ၁၂ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ စတဲ့ ပုဒ်မ ၆ ခုတို့တွင် ပါရှိတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနစကားရပ်နေရာ မှာ ပြည်ထဲရေးဝန်ကြီးဌာနလို့ ပြင်ဆင်ခဲ့ပြီး ပုဒ်မ ၂ (ဃ)ကို ပယ်ဖျက်ခဲ့ပါတယ်။ ပြင်ဆင်ချက်များအရ နိုင်ငံတော်သမတသည် ပြည်ထဲရေးဝန်ကြီးဌာနမှ ခန့်အပ်တဲ့ ကိုယ်ရံတော်နှင့် ပြည်ထဲရေးဝန်ကြီး ဌာနကတာဝန်ပေးအပ်သော တပ်ဖွဲ့ကိုသာ လုပ်ခြုံရေးတာဝန်ပေးအပ်နိုင်တဲ့သဘော သက်ရောက် စေနိုင်ပါတယ်။ အမျိုးသားလတ်တော်က ပြင်ဆင်ချက်များအရ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ) ပုဒ်မ ၄၊ ၅ ပုဒ်မ ၆ ပုဒ်မခွဲ (က)၊ (ခ)၊ ပုဒ်မ ၇ ပုဒ်မခွဲ (က)၊ (ခ) ပုဒ်မ ၈၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ စတဲ့ ပုဒ်မ ၆ ခု ပုဒ်မခွဲ ၅ ခုတို့ကို မူလအဆိုပြုပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့တဲ့အတွက် နိုင်ငံတော်သမတသည် ကာကွယ်ရေးဝန်ကြီးဌာနမှဖြစ်စေ၊ ပြည်ထဲရေးဝန်ကြီးဌာနမှဖြစ်စေ လုံခြုံရေး တာဝန်ပေးနိုင်တဲ့ သဘောသက်ရောက်ပါတယ်။ သို့သော်လည်းပဲ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)နဲ့(ဂ)ကိုတော့ ပြည်သူ့လတ်တော်ရဲ့

ပြင်ဆင်ချက်အတိုင်း အတည်ပြုတဲ့အတွက်ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနဆိုတဲ့ စကားရပ်နေရာမှာ ပြည်ထဲရေးဝန်ကြီးဌာနသာဖြစ်နေတဲ့အတွက် ရှေ့နောက် ဆီလျော်မမရှိကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်၍ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)နဲ့(ဂ)ပါ သက်ဆိုင်ရာဝန်ကြီးဌာနဆိုတဲ့ စကားရပ်ကို မူလအဆိုပြုပြဋ္ဌာန်း ထားတဲ့အတိုင်း အတည်ပြုသတ်မှတ်ခဲ့လို့ရှိရင်တော့ ရှေ့နောက်ညီညွတ်မရှိပြီးတော့မှ နိုင်ငံတော် သမတ တာဝန်ထမ်းဆောင်ခဲ့သူဟာ ၎င်းရဲ့စိတ်ဆန္ဒအရ ကာကွယ်ရေးဝန်ကြီးဌာနမှဖြစ်စေ၊ ပြည်ထဲရေးဝန်ကြီးဌာနမှဖြစ်စေ လွတ်လပ်စွာဆွေးနွေးခန့်ထားခွင့် ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ကျန်တော်ရဲ့ ဆွေးနွေးတင်ပြချက်အတိုင်း ပုဒ်မ ၂ ပုဒ်မခွဲ (ခ)ပါ မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း ဖြစ်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနစကားရပ်အား အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒုတိယဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းဆောင်ရွက်မှုအားဖြင့် အနှစ်သာရ သိသိသာသာ ကွဲပြား ခြားနားမမရှိပါဘူး။ ဥပဒေသဘောအရပြည့်စုံရန်နှင့် လုပ်ငန်း ဆောင်ရွက်မှု တိကျစေရန် ပြင်ဆင်ဖြည့်စွက် အကြံပြုတယ်လို့ ယုံကြည်ပါတယ်။ အဓိက ကွဲလွဲချက်ကတော့ တာဝန်ခံရမယ့် ဝန်ကြီးဌာန သတ်မှတ်မှုအပေါ် သဘောထားကွဲလွဲခြင်းဖြစ်ပါတယ်။ ကာကွယ်ရေး ဝန်ကြီးဌာနအနေနဲ့တော့ တာဝန် ပေးအပ်ပါက တာဝန်ယူရန်အသင့်ရှိပါတယ်။ တာဝန်ယူရန်လည်း ဆန္ဒရှိပါတယ်။ တာဝန်ပေးအပ်သင့် သည်ဟုလည်း ထင်မြင်ယူဆပါတယ်။ ဖြည့်စွက်ပြီးတော့ ဒီဥပဒေရဲ့ ပျော့ပြောင်းမှုနှင့် လမ်းမိုးနိုင်မှု သဘောများ မပပျောက်စေရေးအတွက်၊ ပျောက်ဆုံးမှု မရှိစေရေးအတွက် သတိထားရန်လိုအပ်ပါ ကြောင်းလည်း တင်ပြလိုပါတယ်။ လိုက်နာ ဆောင်ရွက်နိုင်မယ့် ဥပဒေ အကောင်အထည်ဖော်ရန် ဆောင်ရွက်နိုင်မယ့် ဥပဒေပြဋ္ဌာန်း သင့်ပါကြောင်း၊ စဉ်းစားသင့်ပါကြောင်း တင်ပြလိုပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေး ဝန်ကြီးဌာန နှစ်ခုလုံးထည့်သွင်း ထားခြင်းအားဖြင့် မည်သည့်ဝန်ကြီးဌာနကပဲ ဒီတာဝန်ကို ထမ်းဆောင် သည်ဖြစ်စေ ဒါပိုမိုပြီးတော့မှ လွယ်ကူမှာဖြစ်ပါတယ်။ တချို့ လက်ရှိကျန်တော်တို့နိုင်ငံအနေနဲ့တော့

ဒီဥပဒေ ကျင့်သုံးနိုင်ခြင်း မရှိသေးပေမယ့် ကျန်တဲ့နိုင်ငံတွေကို လေ့လာမယ်ဆိုလို့ ရှိရင်တော့ ဒါကာကွယ်ရေးကပဲ ဒီတာဝန်တွေကို ထမ်းဆောင်ခဲ့တယ်ဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနနှစ်ခုလုံးထည့်သွင်းထားခြင်းအားဖြင့် အားလုံး ပြင်လွယ်ပြောင်းလွယ် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လတ်တော်ရဲ့အဆုံးအဖြတ်ကို နာခံပါ့မယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေကြမ်းနှင့် ပတ်သက်၍ အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ဒါကတော့ ကျန်တော်တို့ ဥပဒေကြမ်းကော်မတီ တစ်လျောက် လုံးဆောင်ရွက်ခဲ့တဲ့ကိစများလည်းပါပါတယ်။ အဲဒါကတော့ ကျန်တော်တို့ ပြည်ထောင်စုအစိုးရက ပေးပို့လာပြီးတော့ ကျန်တော်တို့ ပြည်ထောင်စုလတ်တော်ကို ရောက်တဲ့အချိန်မှာ ပြည်ထောင်စု လတ်တော်နာယက က ကျန်တော်တို့ ပြည်သူ့လတ်တော်ကို စတင်ပြီးတော့ တာဝန်ပေးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ ကျန်တော်တို့ အဖက်ဖက်က စဉ်းစားပြီးတော့ အစည်းအဝေးများလည်း ထိုင်ခဲ့ပါတယ်။ ဒီအစည်းအဝေးမှာလည်း ပြည်သူ့လတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် အမျိုးသား လတ်တော်က ဥပဒေကြမ်းကော်မတီများပါ ဖိတ်ကြားခဲ့ပါတယ်။ ကျန်ရှိတဲ့အချိန် နည်းနေတဲ့အတွက် ဒီဥပဒေကိုလည်း အမြန်ဆုံးအကောင် အထည်ဖော်ပြီးတော့ ပြဋ္ဌာန်းပေးနိုင်ရန် ရည်ရွယ်တဲ့အတွက် ဥပဒေကြမ်းကော်မတီနှစ်ရပ်ဟာ ပြည်သူ့လတ်တော်မှာ ပူးပေါင်းဆွေးနွေး ခဲ့ပါတယ်။

အဲဒီဆွေးနွေးတဲ့အချိန်မှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အပါအဝင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေရေးရာအကြံပေးအဖွဲ့များနှင့် ကျယ်ကျယ်ပြန့်ပြန့် ကျန်တော်တို့ စဉ်းစားခဲ့ကြပါတယ်။ အဲဒီလို စဉ်းစားပြီးတော့မှ ကျန်တော်တို့ အမြန်ဆုံးဒီဟာကို ဆုံးဖြတ်မယ်။ အမျိုးသားလတ်တော်မှာလည်း ဒီလိုအတည်ပြုနိုင်မယ်။ အတည်ပြုနိုင်ပြီးလို့ရှိရင် ဒါဟာလတ်တော်နှစ်ရပ် အတည်ပြုတဲ့ ဥပဒေတစ်ရပ်အဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ သို့သော် အမျိုးသားလတ်တော်မှာ ပြင်ဆင်တဲ့အချိန်မှာ၊ အတည်ပြုတဲ့အချိန် ဒါပြောင်းလဲလာတဲ့၊ သဘောထားကွဲလွဲလာတဲ့ အနေအထားဖြစ်ပါတယ်။ မူလက သက်ဆိုင်ရာဝန်ကြီးဌာနကိုလည်း

ကျန်တော်တို့ ဥပဒေကြမ်းကော်မတီမှာ ဆွေးနွေးခဲ့ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဥပဒေတစ်ရပ် ပြဋ္ဌာန်းတဲ့နေရာမှာ တာဝန်ခံဆောင်ရွက်မယ့်ဝန်ကြီးဌာနကို သတ်သတ် မှတ်မှတ်ဖော်ပြပြီးတော့ ကျန်တော်တို့ ဥပဒေရေးဆွဲလေ့ရှိပါတယ်။ အဲဒါကြောင့်မို့ သက်ဆိုင်ရာဝန်ကြီးဌာန ကာကွယ်ရေး၊ ပြည်ထဲရေးဆိုတဲ့နေရာမှာ မှန်ပါတယ်။ ဘယ်လိုပဲဆောင်ရွက်သော်လည်း၊ သို့သော်လည်း ကာကွယ် ရေးဆိုတာကတော့ နိုင်ငံတော်လုံခြုံ ရေးကိုပါ ပိုပြီးတော့ သင့်လျော်တယ်။ အဲဒါကြောင့်မို့ ဒါကို ပြည်ထဲရေးပဲဆောင်ရွက်သင့်ပါတယ်ဆိုလို့ မူလက ပြည်သူ့လွှတ်တော်မှာ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေကြမ်း ကော်မတီအနေနဲ့ သဘောထားတင်ပြရရင်တော့ ဥပဒေကြမ်းကော်မတီကတော့ ပြည်သူ့လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်းပဲ ရပ်တည်ဖို့ဖြစ်ပါတယ်။ ဒီမှာထူးထူးခြားခြားက အမျိုးသားလွှတ်တော်က ကျန်တဲ့ဟာကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ပြင်ဆင်ထားသော်လည်း ဒီအမှတ်စဉ် ၁ နှင့် ၂ မှာပါတဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ကို အမျိုးသားလွှတ်တော်ကလည်း သဘောတူထားပါတယ်။ ပုံမှန်အတိုင်းဆိုလို့ရှိရင်တော့ ကျန်တော်တို့က ဥပဒေကြမ်းတစ်ရပ်ကို ပြန်လည်ပေးပို့လာတဲ့ဥပဒေတစ်ရပ်နှင့် ပတ်သက်လို့ရှိရင်တော့ ပြည်သူ့လွှတ်တော်အတိုင်း သဘောတူမလား၊ အမျိုးသားလွှတ်တော်အတိုင်း သဘောတူမလားဆိုတဲ့ နှစ်ချက်ထဲက တစ်ချက်ကို ရွေးရမှာ ဖြစ်ပါတယ်။ ဒီမှာကတော့ စကားရပ်လေးဟာ ပိုကောင်းမွန်ပါတယ်။ တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ခြင်းနှင့် လက်ရောက်မပြုခြင်းဆိုတဲ့ စကားလုံး အသုံးအနှုန်းအစား နှောင့်ယှက်ခြင်းနှင့် အန္တရာယ်ပြုခြင်းဆိုပြီး ဒါလေးကို ပြင်ပေးထားတာကောင်းပါတယ်။ ကောင်းတဲ့အတွက် ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ ဒါပြင်ဆင်တဲ့ဟာပေါ်မှာလည်း သဘောတူပါတယ်။ သို့သော် မူလဆုံးဖြတ်ထားတဲ့ဟာက ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်းပဲ သဘောတူထားတာ ဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ မူလပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအပိုဒ်၊ အပိုဒ်ခွဲနှင့် ပတ်သက်ပြီး အဆိုတင်သွင်းတဲ့ ပုဂ္ဂိုလ်သုံးဦးနှင့် နဂိုမူလဆုံးဖြတ်ထားပြီးသား ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ဒေါ်နန်းစေအွာက ပြည်သူ့လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်း အတည် ပြုထောက်ခံသွားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လေးခုမဟုတ်ဘဲနဲ့ သုံးခုအနေနဲ့ပဲ ကျန်ပါတယ်။ ဒါကြောင့်မို့လို့ (၁)အနေနဲ့ အရင်ဆုံး ဒေါ်နန်းစေအွာနဲ့ အလုံမဲဆန္ဒနယ်က ဦးခိုင်မောင်ရည် ကတော့ အတူတူဖြစ်နေတဲ့အတွက် ကျန်တော်တို့

မဲခွဲဆုံးဖြတ်စရာမလိုပါဘူး။ ဒါကြောင့် ပထမဦးစွာ ဥပဒေ ကြမ်းကော်မတီရဲ့အတည်ပြုချက်နဲ့ ဦးခိုင်မောင်ရည်ရဲ့ပြင်ဆင်ချက်ကို စတင်ပြီးမဲခွဲမှာဖြစ်ပါတယ်။ အဲဒီမဲခွဲဆုံးဖြတ်ချက်ပြီးမှ အနိုင်ရရှိသူနှင့် ဗိုလ်မှူးကြီးအောင်သီဟတို့ ထပ်မံပြီးတော့ မဲခွဲဆုံးဖြတ်ပေး မှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူးကြီး တင်ပြခဲ့တဲ့အတိုင်းပဲ အမှန်တကယ်တော့ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့အတိုင်းပဲ အမျိုးသားလွှတ်တော်ကလည်း လက်ခံအတည်ပြုပြီး သားဖြစ်ပါတယ်။ အကယ်၍ ပြင်ဆင်ချက်ပေးပြီး ကွဲလွဲမှုသာလျှင် ကျန်တော်တို့အနေနဲ့ ဒီနေရာမှာ ပြန်လည် ဆွေးနွေးဆုံးဖြတ်ပြီးမှ ကျန်တော်တို့ ကွဲလွဲချက်ကို လက်မခံနိုင်လျှင် ပြည်ထောင်စု လွှတ်တော်သို့ ပေးပို့ပြီးတော့ ဆန္ဒမဲခံယူမှာဖြစ်ပါတယ်။ အခုတော့ ပြည်သူ့လွှတ်တော်ရဲ့ဆုံးဖြတ်ချက် အတိုင်းပဲ၊ အမျိုးသားလွှတ်တော်ကလည်းပဲ လက်ခံအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ ကိုယ်စားလှယ်များရဲ့ ဆန္ဒ၊ သဘောထားကို လေးစားသောအားဖြင့် ဒီနေရာမှာ ကျန်တော်တို့အနေနဲ့ ပြန်လည်ပြီးတော့၊ ဆွေးနွေးပြီးတော့ ဆုံးဖြတ်ပေးဖို့အတွက်ကို ကျန်တော်တို့ ပြန်လည်တင်ပြခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အခုဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်ဖြစ်တဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ဆက်လက်သွားဖို့နှင့် ဦးခိုင်မောင်ရည်ရဲ့ပြင်ဆင်ချက်အတွက်ကို မဲခွဲမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်အတိုင်း၊ ပြည်သူ့လွှတ်တော်ရဲ့ဆုံးဖြတ်ချက် အတိုင်းကိုပဲ ထောက်ခံမဲများမယ်ဆိုရင် ဥပဒေကြမ်းကော်မတီရဲ့အတည်ပြုချက်ဖြစ်တဲ့ ပြည်သူ့ လွှတ်တော်ရဲ့ဆုံးဖြတ်ချက်အတိုင်းပဲဖြစ်ပါမယ်။ အကယ်၍ ကန့်ကွက်မဲများခဲ့မယ်ဆိုရင်တော့ ဦးခိုင်မောင်ရည်ရဲ့ တင်ပြချက်က အတည်ဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်များ ဆန္ဒမဲ ပေးဖို့အသင့်ရှိကြစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာမှာဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲ ၂၈၀၊ ကန့်ကွက်ဆန္ဒမဲ ၂၀ နှင့် ကြားနေဆန္ဒမဲ ၂၈ မဲတို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထောက်ခံဆန္ဒမဲများတဲ့အတွက် ယခုမဲခွဲခြင်းမှာ ဥပဒေကြမ်းကော်မတီရဲ့အတည်ပြုချက်က ထောက်ခံမဲ အများရရှိပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုမဲအများရရှိတဲ့ ဥပဒေကြမ်း ကော်မတီရဲ့ အတည်ပြုချက်နဲ့ ဗိုလ်မှူးကြီးအောင်သီဟတို့ရဲ့ တင်ပြပြင်ဆင်ချက်အတွက်ကို ထပ်မံ မဲခွဲမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အတည်ပြုချက်ကို ထောက်ခံမဲများမယ်ဆိုရင် ဥပဒေကြမ်း ကော်မတီရဲ့အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ အကယ်၍ ကန့်ကွက်မဲများမယ်ဆိုရင် ဗိုလ်မှူးကြီး

အောင်သီဟရဲ့ပြင်ဆင်ချက်က အတည်ဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်သူ့လွှတ်တော်ရဲ့ဆန္ဒ အတည်ပြုချက်အတိုင်းပဲ ဆန္ဒမဲပေးလို့ထောက်ခံမယ်ဆိုရင်တော့ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်အတိုင်း အတည်ဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်များခင်ဗျား။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်ကြစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာမှာဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲ ၁၈၈ မဲဖြစ်ပါတယ်။ ကန့်ကွက်ဆန္ဒမဲ ၁၄၃ မဲ၊ ကြားနေဆန္ဒမဲ ၆ မဲဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများပါတယ်။ ဒါကြောင့် အပိုဒ် ၂ အပိုဒ်ခွဲ(ခ)သည် မူလဥပဒေကြမ်းကော်မတီက တင်ပြတဲ့အတိုင်း၊ မူလကဆုံးဖြတ်ပြီးဖြစ်တဲ့အတိုင်း၊ ပြည်သူ့လွှတ်တော်ရဲ့အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂ အပိုဒ်ခွဲ (ဂ)နှင့် စပ်လျဉ်းပြီး ဆွေးနွေးတင်ပြဖို့အတွက် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်ကို ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အခု အမှတ်စဉ် ၂ မှာ ကိုယ်ရံတော်အဖွဲ့ဆိုသည်မှာ ကိုယ်ရံတော်ဦးဆောင်သည့် ဤဥပဒေအရ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သော တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်ဆိုသည် ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် နေရာမှာ ကိုယ်ရံတော်အဖွဲ့နေရာမှာ လုံခြုံရေးအဖွဲ့ဆိုသည်မှာ ကိုယ်ရံတော်ဦးဆောင်သည့် ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သော တပ်ဖွဲ့ကိုဆိုသည်ဟု ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုထားမှု ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ကိုယ်ရံတော်အဖွဲ့ဆိုတဲ့စကားရပ်မှာ လုံခြုံရေးအဖွဲ့လို့ ပြောင်းထားတဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထောက်ခံပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီဥပဒေမှာ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းဖြစ်တဲ့အတွက် ဒါ လုံခြုံရေးအဖွဲ့ဆိုတဲ့စကားရပ်က ပိုပြီးဆီလျော်ပါတယ်။ ပြီးတော့ ကိုယ်ရံတော်အဖွဲ့ဆိုတဲ့ စကားလုံး သုံးမယ်ဆိုရင် လက်ရှိသမ္မတကလည်း ကိုယ်ရံတော်အဖွဲ့ရှိပါတယ်။ ဒါ အငြိမ်းစားသမ္မတအတွက် အဖွဲ့ဖြစ်တဲ့အတွက် လုံခြုံရေးအဖွဲ့ဆိုတာ အားလုံး အထွေထွေသုံးလို့ရပါတယ်။ လုံခြုံရေးအဖွဲ့ဖြစ်ခြင်းကြောင့် ဤဥပဒေရဲ့ လုံခြုံရေးအဖွဲ့ဖြစ်ပါတယ်။ အဲဒီအတွက် လုံခြုံရေးအဖွဲ့ဆိုတဲ့စကားရပ်က ပိုဆီလျော်တဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)နှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြဖို့ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျန်မအနေနဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်မှာ ကိုယ်ရံတော်အဖွဲ့ဆိုတဲ့နေရာမှာ လုံခြုံရေးအဖွဲ့လို့ ပြန်ပြီးတော့ ဖြည့်စွက်ထားတဲ့အတွက် ပိုမိုသင့်တော်ပါတယ်ရှင်။ ပြီးတော့ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)မှာ ပြည်ထဲရေးဝန်ကြီးဌာနကို အတည်ပြုထားပြီးဖြစ်တဲ့အတွက်ကြောင့် ဒီပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဖြစ်သင့်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထောက်ခံပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သီဟကို ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သီဟ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါတဲ့ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)ကိုလည်း အပိုင်းနှစ်ပိုင်းနဲ့ ဆက်လက်ဆွေးနွေးသွားပါ့မယ်။ ပထမအပိုင်းကတော့ မူလအဆိုပြုပြဋ္ဌာန်းချက်တွင် ပါရှိသော ကိုယ်ရံတော်အဖွဲ့ဆိုတဲ့ စကားရပ်အား ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်များအရ လုံခြုံရေးအဖွဲ့ဆိုတဲ့ စကားရပ်ဖြင့် အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)၊ အခန်း(၃) ပုဒ်မ ၈၊ ပုဒ်မ ၉၊ အခန်း(၅) ပုဒ်မ ၁၂၊ ပုဒ်မ ၁၃ တို့တွင် ပြင်ဆင်ထားပါတယ်။ ကိုယ်ရံတော်အဖွဲ့ဆိုတာ ကိုယ်ရံတော်တွေကို အထူးပြုဖွဲ့စည်းထားတဲ့အဖွဲ့ကို ဆိုလိုတဲ့ သဘောဖြစ်ပါတယ်။ မြန်မာအဘိဓာန်မှာ မြန်မာစာအဖွဲ့ဦးစီးဌာနက ပြုစုထုတ်ပြန်ထားတဲ့ မြန်မာအဘိဓာန်မှာတော့ လုံခြုံရေးဆိုတာ လုံခြုံအောင်ကာကွယ်စောင့်ရှောက်မလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ကိုယ်ရံတော်ဆိုတာ သက်တော်စောင့်နှင့် အခေါ်အဝေါ်တူညီပြီးတော့မှ ဆိုင်ရာအကြီးအကဲ၏ အသက်လုံခြုံမှုအတွက် စောင့်ရှောက်ပေးသူလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူသည် နိုင်ငံတော်အကြီးအကဲတာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။ ကိုယ်ရံတော်ဦးဆောင်တဲ့တပ်ဖွဲ့ဝင်များကို အကြီးအကဲတာဝန်ထမ်းဆောင်ခဲ့သူ၏ အသက်လုံခြုံမှုအတွက် ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် သာမန်လုံခြုံရေးတပ်ဖွဲ့ဝင်များထက်ပိုမိုသော တစ်ဦးချင်း ကိုယ်ခန္ဓာကျမ်းကျင်မှု၊ တပ်ဖွဲ့အလိုက်ကျမ်းကျင်မှုများကို သင်ကြားလေ့ကျင့်ထားရပြီး ကိုယ်ခန္ဓာပိုင်းဆိုင်ရာ

လေ့ကျင့်မှုသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုများကိုပါ အထူးလေ့ကျင့်ထားတဲ့ တပ်ဖွဲ့ဖြစ်ပါတယ်။ ဒီတပ်ဖွဲ့ဝင်များက ကာကွယ်စောင့်ရှောက်ပေးသွားမှာလည်းဖြစ်ပါတယ်။ မြန်မာစာ အရေးအသားလည်း ရှေ့နောက်ညီညွတ်စေရန်အတွက် ကိုယ်ရံတော်ဦးဆောင်သည့် ကိုယ်ရံတော် အဖွဲ့လို့ သတ်မှတ်သင့်ပါတယ်။ လုံခြုံရေးအဖွဲ့ဆိုတာကတော့ အခြားလုံခြုံရေးအဖွဲ့များနှင့် ရောထွေး သွားနိုင်တဲ့အတွက်ကြောင့် မူလအဆိုပြုပြင်ဆင်ရန်ချက်အတိုင်း ကိုယ်ရံတော်အဖွဲ့လို့ အတည်ပြုပေးပါရန် ပထမပိုင်းအနေနဲ့ လေးစားစွာ တင်ပြအပ်ပါတယ်။

ဒုတိယအပိုင်းကတော့ မူလအဆိုပြုချက်ထဲမှာပါရှိထားတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနဆိုတဲ့ စကား ရပ်နှင့်ပတ်သက်ပြီးတော့မှ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ဒီ မူလအဆိုပြုပြင်ဆင်ရန်ချက်ကတော့ နိုင်ငံတော် သမတတာဝန်ထမ်းတဲ့သူကနေပြီးတော့မှ ၎င်းရဲ့စိတ်ဆန္ဒအရ ကာကွယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ပြည်ထဲရေးဝန်ကြီးဌာနကဖြစ်စေ တောင်းခံခွင့်ရှိမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ပုဒ်မ ၂ ပုဒ်မခွဲ(ခ) မှာ ဆွေးနွေးခဲ့တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါ ဥပဒေအရ မလိုအပ်ဘူးဆိုရင်တော့လည်း ဒုတိယ အပိုင်းအနေနဲ့တော့ ဆွေးနွေးရန်မရှိပါဘူး။ ပထမအပိုင်းဆွေးနွေးတာ ကိုယ်ရံတော်အဖွဲ့ဆိုတဲ့ ဝေါဟာရကိုပဲ အတည်ပြုပေးဖို့အတွက် တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါ သော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ကတော့ မူလအတိုင်း အဆိုပြုလိုပါ ကြောင်း တင်ပြလိုပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လတ်တော်ရဲ့ အဆုံးအဖြတ်အတိုင်း နာခံပါ့မယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကို ပြောပါခင်ဗျာ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်တော်တို့ ဒီလုံခြုံရေးအဖွဲ့ဆိုတဲ့အခါမှာ အခြားလုံခြုံရေးအဖွဲ့နဲ့ ရောထွေးဖို့က အကြောင်း မပေါ်ပေါက်ပါဘူး။ ဘာကြောင့်လဲဆိုလို့ရှိရင် ဒီလုံခြုံရေးအဖွဲ့က စောစောက ကျန်တော်တို့

ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသလို ကိုယ်ရံတော်။ ဒီကိုယ်ရံတော်တွေက လေ့ကျင့်ပေးထားတဲ့ ကိုယ်ရံတော်တွေ ဖြစ်ပါတယ်။ ဒီကိုယ်ရံတော်တွေဦးဆောင်တဲ့ ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ပေးအပ်တဲ့အဖွဲ့ကို ဆိုလိုတဲ့အတွက် ကျန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အတိုင်းကို လွှတ်တော်က ဆက်လက် အတည်ပြုပေးနိုင်ပါရန် ဥပဒေကြမ်းကော်မတီအနေနဲ့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအပိုဒ် ၂ အပိုဒ်ခွဲ(ခ) တုန်းကအတိုင်းပါပဲ အခု အပိုဒ် ၂ အပိုဒ်ခွဲ(ဂ) အနေနဲ့လည်းပဲ နဂိုမူလက ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ အမျိုးသားလွှတ်တော်ကလည်း အတည်ပြုပြီး ပြန်လည်ပေးပို့ထားတာဖြစ်ပါ တယ်။ ပြင်ဆင်ဖို့ ဆွေးနွေးတင်ပြသွားတဲ့ ကိုယ်စားလှယ်နှစ်ဦးဖြစ်တဲ့ ဦးခိုင်မောင်ရည်နှင့် ဒေါ်နန်းစေအွာတို့ကလည်းပဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ဆက်လက်ထားရှိဖို့ အတွက် ဆွေးနွေးသွားတာဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်ဖြစ်တဲ့ ဗိုလ်မှူးကြီးအောင်သီဟ ကတော့ မူလအဆိုပြုချက်အတိုင်းထားပေးဖို့ ဆွေးနွေးတင်ပြသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအပိုဒ်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြုပြီးတော့ မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ယှဉ်ပြောရမှာကတော့ မူလ ဒီ ကျန်တော်တို့ ပြည်သူ့လွှတ်တော်က ဆုံးဖြတ်ပြီးတဲ့ ဆုံးဖြတ်ချက်ကိုပဲ မူတည်ပြီးတော့မှပဲ။ အကယ်၍ ထောက်ခံဆန္ဒမဲများမယ်ဆိုရင် မူလ ပြည်သူ့လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့တဲ့အတိုင်း ဖြစ်ပြီးတော့ ကန့်ကွက်မဲများမယ်ဆိုရင်တော့ ဗိုလ်မှူးကြီးအောင်သီဟရဲ့ ထပ်မံတင်ပြချက်အတိုင်း အတည်ဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်များ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆန္ဒမဲရလဒ်ရရှိပါပြီ။ ထောက်ခံဆန္ဒမဲ ၁၉၃ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၃၇ မဲနှင့် ကြားနေဆန္ဒမဲ ၃ မဲဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အပိုဒ် ၂ အပိုဒ်ခွဲ(ဂ) သည် မူလကအတိုင်း ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဒီဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်ကို ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနဆိုသည်မှာ ကာကွယ်ရေးဝန်ကြီးဌာန သို့မဟုတ် ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်လို့ အဆိုပြုပြဋ္ဌာန်းချက် မူလမှာ ပါရှိခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်အနေနဲ့ ဒီအပိုဒ်ကို ပယ်ဖျက်ဖို့ အတည်ပြုထားတာ ဖြစ်ပါတယ်။ အဲဒီအတွက်ဒီနေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာန ဆိုသည်မှာဆိုတဲ့ စကားရပ်ကို အမှတ်စဉ် ၁ မှာ ပြည်ထဲရေးဝန်ကြီးဌာနအဖြစ် အတည်ပြုထားခဲ့ပြီး ဖြစ်ပါတယ်။ ဒီနေရာ မှာ သက်ဆိုင်ရာဝန်ကြီးဌာနကို ထပ်မံပြီးတော့ ဖော်ပြစရာလည်းမလိုတော့ဘဲနဲ့ ကာကွယ်ရေးဝန်ကြီးဌာန သို့မဟုတ် ပြည်ထဲရေးဝန်ကြီးဌာန ဆိုတဲ့ နှစ်ခုပဲ။ ဒီနေရာမှာ ပါဝင်ဖို့ မလိုတော့တဲ့အတွက် ပယ်ဖျက်ခြင်းကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒီအပိုဒ်နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းကို ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ မူလအဆိုပြုချက်ကတော့ သက်ဆိုင်ရာဝန်ကြီးဌာန ဆိုသည်မှာ ကာကွယ်ရေးဝန်ကြီးဌာန သို့မဟုတ် ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုလိုသည်။ အဲဒါကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားပါတယ်။ အမျိုးသားလွှတ်တော်ကတော့ မူလအဆိုအတိုင်းဆိုပြီး တော့ ပြင်ဆင်ချက်တင်ထားပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ အမှန်က ဒီအပိုဒ်က ဒီဥပဒေကို ပြဋ္ဌာန်းတဲ့အခါမှာ ရှေ့ဆုံးကလာလိုက်ရင် ပိုပြီးတော့ကောင်းမှာပါ။ အဲဒါဆို တစ်ခါတည်း ပြတ်တယ်။ အခုက ကျွန်တော်တို့ အထက်က ပြည်ထဲရေးဝန်ကြီးဌာနဆိုတာ နှစ်ကြိမ်ပြဋ္ဌာန်းပြီးပါပြီ။ အတည်ပြုပြီးပါပြီ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ပြည်ထဲရေး ဝန်ကြီးဌာနဖြစ်တယ်ဆိုတာ တော့ နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ဥပဒေတစ်ခုမှာ သက်ဆိုင်ရာဝန်ကြီးဌာနဆိုတဲ့ဟာကို အဓိပ္ပာယ်ဖွင့်တဲ့အခါမှာ တိတိကျကျဖွင့်ဖို့လိုပါတယ်။ အဲဒါကြောင့် အဲဒီလိုဖွင့်လိုက်လို့လည်း ဒီဥပဒေ မှာ ပိုပြီးတော့ ရှုပ်ထွေးသွားစရာမရှိပါဘူး။ ရေးထုံးအနေနဲ့တော့ ဒီအပိုဒ်က ရှေ့ဆုံးကလာပြီးတော့ တကယ့်အပေါ်ကအပိုဒ်တွေကို အတည်ပြုချက်အရ ပြည်ထဲရေးဝန်ကြီးဌာနလို့ ဒီနေရာမှာ တိတိကျကျ ပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့လိုတယ်။ အဲဒီလိုမြင်တဲ့အတွက်နဲ့ ကျွန်တော် ဒီနေရာမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနဆိုတာ ပြည်ထဲရေးဝန်ကြီးဌာနကိုခေါ်တယ်ဆိုပြီးတော့ ပြောခြင်းဖြစ်ပါတယ်။ ဘာလို့လဲ ဆိုတော့ အခုနကလို ဒါက ကိုယ်ရံတော်ဆိုတာက သမတကရွေးတယ်။ ဒါပေမဲ့ ဒီဥပဒေကို လုပ်ရမှာက ပြည်ထဲရေးဝန်ကြီးဌာနဖြစ်ပါတယ်။ တာဝန်ယူပြီးတော့ ရေးဆွဲရမယ်။ နည်းဥပဒေတွေကို ပြဋ္ဌာန်း

ရမှာက ဝန်ကြီးဌာနတစ်ခု သတ်သတ်မှတ်မှတ်လိုပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနကတော့ ဖွဲ့စည်းပုံအရ သူ့ကို တာဝန်ပေးထားတာက ပုဒ်မ ၃၃၈ မှာ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အားလုံး၏ တပ်မတော်ကွပ်ကဲမအောက်မှာရှိရမယ်ဆိုတာ တစ်ပိုဒ်ရှိတယ်။ နောက်တစ်ခါ ၃၃၉ အရ နိုင်ငံတော်အား ပြည်တွင်းပြည်ပအန္တရာယ်မှ ကာကွယ်ရေးအတွက် တပ်မတော်ကဦးဆောင်ရမည်ဆိုတာ တစ်ပိုဒ်ရှိပါတယ်။ အဲဒါကြောင့် ကျန်တော်တို့ လုံခြုံရေးနဲ့ပတ်သက်ရင် ပြည်ထဲရေးဝန်ကြီးဌာနက အဓိက အရေးကြီးတဲ့အတွက်နဲ့ နဂိုကလည်း အပေါ်မှာလည်း ပြည်ထဲရေးဝန်ကြီးဌာနကို အတည်ပြုပြီးဖြစ်တဲ့ အတွက်နဲ့ ဒီနေရာမှာ ပြတ်ပြတ်သားသားလေး ကျန်တော်တို့က သက်ဆိုင်ရာဝန်ကြီးဌာနဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုလိုသည်လို့ အဓိပာယ်ဖွင့်လိုက်ရင် ဒါအကောင်းဆုံးဖြစ်မယ် တိကျမယ်။ ပြတ်သားမယ်လို့ ထင်ပါတယ်။ ပြီးတော့ ဒီ သက်ဆိုင်ရာဝန်ကြီး ဌာနကို အဓိပာယ်ဖွင့်ဖို့ဆိုတာလည်း ဥပဒေတစ်ရပ်မှာလိုအပ်တယ်လို့ ထင်ပါတယ်။ အဲဒါကြောင့် ဒါကို ကျန်တော့်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနကိုဆိုလိုသည် ဆိုပြီးတော့ ပြင်ဆင်ချက် တင်သွင်းရခြင်းဖြစ်ပါတယ်။ ပြည်သူ့လတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)နှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သီဟကို ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သီဟ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဒုတိယဥက္ကဋ္ဌခင်ဗျား။ ပုဒ်မ၂ ပုဒ်မခွဲငယ်(ခ)ကိုအတည်ပြုပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ထပ်မံဆွေးနွေးခြင်းမပြုတော့ပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ပထမဦးဆုံးအကြိမ် လတ်တော်ဒုတိယဥက္ကဋ္ဌကြီးကို တင်ပြစဉ်မှာပဲ ကျန်တော်တို့ရဲ့ သဘောထား တင်ပြပြီးဖြစ်တဲ့ အတွက် ထပ်မံတင်ပြဖို့တော့မရှိပါဘူး။ ကျန်တော်တို့ရဲ့ သဘောထားကတော့ ထမ်းဆောင်လိုပါတယ်။ သင့်တယ်လို့လဲ ယူဆပါတယ်။ အဆင်းလေးလည်းဖြစ်ပါတယ်။ ဒါပဲထပ်ပြီး တင်ပြပါမယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ တင်ပြရန်မရှိပါဘူး။ လတ်တော်ရဲ့အဆုံးအဖြတ်ပဲ ခံယူမှာဖြစ်ပါတယ်။

**မှူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုပြောပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျန်တော်တို့ ဒီဥပဒေရဲ့ အပိုဒ် ၂အပိုဒ်ခွဲ(ခ)ရယ် အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ရယ်ကလည်းပဲ အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျန်တော်တို့က သက်ဆိုင်ရာဝန်ကြီးဌာနလို့ ဖော်ပြတဲ့ဟာက ဝန်ကြီးဌာန နှစ်ခုလိုဟာမျိုး သုံးနှုန်း တဲ့အခါမှာ ဖော်ပြခြင်းဖြစ်ပါတယ်။ အခု ဒီမှာတော့ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)နဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)မှာ တိတိကျကျ ကျန်တော်တို့က ပြည်ထဲရေးဝန်ကြီးဌာနဆိုပြီးတော့ ညွှန်းပြီးတော့ ဖော်ပြပြီးသားဖြစ်တဲ့ အတွက် ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ မလိုအပ်တော့တဲ့အတွက် ပြည်သူ့လွှတ်တော်ကလည်းပဲ ပယ်ဖျက် တဲ့ဟာကို အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျန်တော်တို့ ဒီအတည်ပြုချက်ကို ပြည်သူ့လွှတ်တော် က ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခု ဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)နှင့်စပ်လျဉ်းပြီးတော့ ဦးခိုင်မောင်ရည်က ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုပေးဖို့ ထောက်ခံဆွေးနွေးသွားတာ ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်အနေနဲ့ကတော့ ခုနက ကျန်တော်နားလည်သလောက်ကတော့ သီးခြားအထူးတင်ပြရန် မရှိတော့ဘူးလို့ ကျန်တော်ကြားပါတယ်။ ဟုတ်ပါသလား။ ဒါကြောင့်မို့လို့ အခုဦးဖေသန်းကတော့ သက်ဆိုင်ရာဝန်ကြီး ဌာနဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကလေးကို ထပ်ထည့်ပေးဖို့အတွက်ကို ပြင်ဆင်ချက်အဆို တင်သွင်းတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ ကျန်တော်တို့ မဲခွဲဖို့လိုအပ်တာ တစ်ခုကတော့ ဦးခိုင်မောင်ရည်က ထောက်ခံခဲ့တဲ့ ပြည်သူ့လွှတ်တော်ရဲ့ဆုံးဖြတ်ချက်အတိုင်းနဲ့ ဦးဖေသန်းက တင်ပြတဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနဆိုသည်မှာဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထည့်ပေးဖို့ပြောတာ နှစ်ခုပဲ ရှိပါတယ်။ ဒီနှစ်ချက် ကိုပဲ ကျန်တော်တို့ ယှဉ်ပြီးတော့ မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပြင်ဆင်ချက်အတွက် မဲခွဲဆုံးဖြတ်တဲ့နေရာမှာ မူလက ဆုံးဖြတ်ထားခဲ့ပြီးသားဖြစ်တဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အတိုင်းထောက်ခံထားတဲ့ ဦးခိုင်မောင်ရည်နဲ့ မြေပုံမဲဆန္ဒနယ်က ဦးဖေသန်းတို့ရဲ့ အဆိုပြုချက်ကို ယှဉ်မှာဖြစ်တဲ့အတွက် မူလအတည်ပြုထားခဲ့တဲ့ ပြည်သူ့လွှတ်တော်က ဆုံးဖြတ်ထားတဲ့အတိုင်းကို မူတည်ပြီးတော့ အကယ်၍ ထောက်ခံမဲများမယ်ဆိုရင် ဦးခိုင်မောင်ရည်ထောက်ခံဆွေးနွေးခဲ့တဲ့အတိုင်း ပြည်သူ့လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတည် ဖြစ်ပါမယ်။ ကန့်ကွက်ဆန္ဒမဲများမယ်ဆိုရင်တော့ မြေပုံမဲဆန္ဒနယ်မှ

ဦးဖေသန်းတင်ပြတဲ့အတိုင်း ပြင်ဆင်ချက်က အတည်ပြုမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆန္ဒမဲပေးဖို့ ကိုယ်စားလှယ်များအသင့်ဖြစ်ကြစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာမှာ ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲ ၂၈၉ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၄ မဲနဲ့ ကြားနေဆန္ဒမဲ ၂၄ မဲဖြစ်ပါတယ်။ ဒါကြောင့် လတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုမဲခွဲဆုံးဖြတ်ရမှာကတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုပေးဖို့ ထောက်ခံထားတဲ့ ဦးခိုင်မောင်ရည်ရဲ့ တင်ပြချက်က အတည်ဖြစ်တဲ့အတွက် ဒီအပိုဒ် ၂ အပိုဒ်ခွဲ (ဃ) သည် မူလအတိုင်း မူလအတိုင်းဆိုတဲ့နေရာမှာ ပြည်သူ့လွှတ်တော်ကအတည်ပြုထားတဲ့အတိုင်း ပယ်ဖျက်ရန်သည် အတည်ဖြစ်ကြောင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ) နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့အတွက် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြီးရှင်။ ကျန်မအနေနဲ့ ဒီဥပဒေရဲ့ စာမျက်နှာ ၂ အမှတ်စဉ် ၄ အခန်း ၂ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)မှာ မူလ အဆိုပြုပြဋ္ဌာန်းထားချက်ဟာ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား မိသားစုနှင့်အတူ လုံခြုံစွာ နှင့်စိတ်အေးသက်သာစွာနေထိုင်နိုင်စေရန်ဟု မူလအဆိုပြုပြဋ္ဌာန်းထားပြီး ပြင်ဆင်တဲ့နေရာမှာတော့ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား မိသားစုနှင့်အတူ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်စေရန်ဟု ပြင်ဆင်ထားပါတယ်။ ဒီလိုပြင်ဆင်လိုက်ခြင်းအားဖြင့် ဥပဒေရေးထုံးအရလည်းကောင်း၊ စကားလုံးကျစ်လစ်ခိုင်မာမှု အရလည်းကောင်း၊ ဒီလိုပြင်ဆင်လိုက်ခြင်းဟာ ပိုမိုပြီးတော့ သင့်တော်တဲ့အတွက် ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုပြဋ္ဌာန်ချက်အတိုင်းပဲ အတည်ပြုပေးနိုင်ပါရန် လေးစား စွာတင်ပြအပ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန် မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ တင်ပြရန် မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုပြောပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ထောက်ခံပါတယ်။ ပြည်သူ့ လတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ) သည် ဒေါ်ခင်စန်းလိုင်ရဲ့ ပြင်ဆင်ချက်အပေါ်မှာ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဥပဒေကြမ်းကော်မတီကလည်း သဘောတူထားတဲ့အတွက် ဒေါ်ခင်စန်းလိုင်ရဲ့ အဆိုပြုချက်၊ တင်ပြချက်အတိုင်းပဲ ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇမ္ဗူသီရိမဲဆန္ဒနယ်)။** ။ ကျန်မပြင်ဆင်ရမယ့်အပိုင်းကတော့ အခန်း ၂ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့တာဝန်ကို ထမ်းဆောင်ပြီးနောက်ပိုင်းမှာ ထိုတာဝန်ကို ထမ်းဆောင်စဉ်က ဥပဒေနဲ့အညီ ဆုံးဖြတ်ခဲ့မများနှင့်စပ်လျဉ်း၍ အနှောင့်အယှက်ပေးခြင်း၊ အန္တရာယ်ပြုခြင်းတို့မှ ကာကွယ်ရန်ဆိုပြီးတော့ မူလအဆိုပြုချက်မှာ ပြဋ္ဌာန်းထားပါတယ်။ ကျန်မပြင်ဆင်တာကတော့ ဒီဥပဒေနှင့်အညီ ဆုံးဖြတ်ခဲ့မတွေမဟုတ်ပါဘူး။ နိုင်ငံတော်သမတဟောင်းက ဥပဒေနဲ့အညီ သူ့ရဲ့ဆောင်ရွက်ခဲ့မတွေအားလုံးကို စပ်လျဉ်းပြီးတော့ အနှောင့်အယှက်ပေးခြင်း၊ အန္တရာယ်ပြုခြင်းတို့မှ ကာကွယ်ရန်ဆိုပြီးတော့ ကျန်မစကားလုံးကို ပြောင်းလဲထားတာ ဖြစ်ပါတယ်။ ဒီလိုမျိုးဆုံးဖြတ်ခဲ့မနဲ့ ဆောင်ရွက်ခဲ့မဟာက ကွာခြားတယ်လို့ဆိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆောင်ရွက်ခဲ့တယ်ဆိုတဲ့ဟာ စကားလုံးရဲ့အနက်အဓိပ္ပာယ်ဟာ ပိုမိုကျယ်ပြန့်ပါတယ်။ ပိုပြီးတော့ လမ်းခြုံနိုင်မရှိတာဖြစ်တာကြောင့် ကျန်မက ဒီ(ဂ)အပိုဒ်ကို နိုင်ငံတော်ရဲ့တာဝန်ကို ထမ်းဆောင်ပြီးနောက်ပိုင်းတွင် ထိုတာဝန်ထမ်းဆောင်စဉ်က ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့မများနှင့်စပ်လျဉ်းပြီး အနှောင့်အယှက်ပေးခြင်း၊ အန္တရာယ်ပြုခြင်းတို့မှ ကာကွယ်နိုင်ရန်ဟု ပြင်ဆင်ရန်အဆိုပြု တင်ပြပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ။** ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**မူကြမ်း**

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ တင်ပြရန် မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ တင်ပြရန် မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုပြောပါခင်ဗျား။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီအနေနဲ့ ဒါဟာ ယခင်ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ကတော့ ဥပဒေနဲ့အညီဆုံးဖြတ်ခဲ့ခြင်းများနှင့် စပ်လျဉ်း၍ ဆိုတဲ့စာသား အစား အခု ကျနော်တို့ ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့မများနှင့် စပ်လျဉ်း၍ဆိုတဲ့ဟာက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၅ မှာလည်းပဲ ဒီအသုံးအနှုန်းကို သုံးထားပါတယ်ခင်ဗျား။ ဆုံးဖြတ်တာ အစား ဆောင်ရွက်မှုက ပိုမိုပြီးတော့ သင့်တော်တဲ့အတွက် ဒေါ်စန္ဒာမင်းရဲ့ တင်ပြချက်ကိုကော်မတီ အနေနဲ့ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဒေါ်စန္ဒာမင်းရဲ့ အဆိုပြုတင်ပြချက်အပေါ်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း ကန့်ကွက်ရန်မရှိပါ။ ဥပဒေကြမ်းကော်မတီကလည်း ထောက်ခံတင်ပြ သွားတာဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)နှင့်ပတ်သက်ပြီးတော့ ဒေါ်စန္ဒာမင်းရဲ့ တင်ပြချက်အပေါ်မှာ ကန့်ကွက်ရန်ရှိပါသလားခင်ဗျား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)သည် ဒေါ်စန္ဒာမင်း၏ တင်ပြချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၄ နှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြဖို့အတွက် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းကို ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ အခုကျနော်တို့အနေနဲ့ ဆွေးနွေးမှာကတော့ အပိုဒ် ၄ ပါ။ အပိုဒ် ၄ မှာတော့ မူလအဆိုပြုချက်က သက်ဆိုင်ရာဝန်ကြီးဌာနသည် နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးအတွက် အကာအကွယ်ပေးရန်၊ နိုင်ငံတော် သမတတာဝန်ထမ်းဆောင်ခဲ့သူက အမည်စာရင်းတင်သွင်းသူ တစ်ဦးကို ကိုယ်ရံတော်အဖြစ်ခန့်အပ်

ရမည်ဟု အဆိုပြုပြဋ္ဌာန်းထားပါတယ်။ ပြည်သူ့လတ်တော်ရဲ့ အဆိုပြုချက်ကတော့ အဲဒီမှာ ခန့်အပ်ဆိုတဲ့အရှေ့က ညှိနှိုင်းခန့်အပ်ရမယ်လို့ ပြန်ပြီးတော့ အတည်ပြုထားပါတယ်။ အဲဒီနဲ့ပတ်သက်လို့ ကျန်တော့်အနေနဲ့ ပြည်သူ့လတ်တော်ရဲ့အတည်ပြုချက်ကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမတက သူလုံခြုံစိတ်ချရတဲ့၊ သူ့အတွက်အားကိုးရတဲ့ ပုဂိုလ်တစ်ယောက်ကို ရွေးချယ်ရာမှာ ဘယ်သူ့ကိုဘယ်ဌာနက ရွေးရမယ်ဆိုတာ ဒီမှာသတ်မှတ်ချက်မပါပါဘူး။ ဒါ့အတွက် သူကဒီပြည်ထဲရေးဌာနကဖြစ်စေ သို့မဟုတ် သူစိတ်ချရတဲ့ လူတစ်ယောက်ကိုဖြစ်စေ သူရွေးနိုင်ပါတယ်။ အဲဒီအခါမှာ ဌာနနဲ့ သူရွေးတဲ့ပုဂိုလ်တွေကြားမှာ ဆက်စပ်မအားနည်းသွားနိုင်ပါတယ်။ အနားယူသွားတဲ့သမတကြီးဟာ အသက်အရွယ်အရလည်းကောင်း၊ ကျန်းမာရေးအရလည်းကောင်း၊ ပတ်ဝန်းကျင်ရဲ့ စေ့ဆော်မအရလည်းကောင်း၊ သူဟာ သူယုံကြည်စိတ်ချရတဲ့သူဆိုတဲ့နေရာမှာ သူ့ဆွေမျိုးသားခြင်းဖြစ်စေ၊ သူ့လူယုံတစ်ယောက်ကိုဖြစ်စေ ခန့်အပ်နိုင်ပါတယ်။ ဘယ်လိုဖြစ်လာမလဲဆိုတော့ အဲဒီပုဂိုလ်ဟာ ပထမအချက်က လက်နက်ကိုင်နဲ့လူတစ်ယောက်လား၊ လက်နက်ကိုင်ဖို့တာဝန်ရှိတဲ့ပုဂိုလ်တစ်ယောက်လား အဲဒီလို မဟုတ်ဘူးဆိုရင် သူ့မှာလက်နက်ကိုင်ခွင့်မရှိဘူး။ အဲဒီတော့ အဲဒီ လုံခြုံ ရေးတပ်ဖွဲ့ကိုဦးဆောင်ဖို့ ညွှန်ကြားဖို့၊ အလုပ်ဖြစ်ဖို့အတွက် ခက်ခဲသွားပါပြီ။ ဒုတိယအချက်က အဲဒီလုံခြုံ ရေးတပ်ဖွဲ့ဆိုတာ သူ့ဟာနဲ့သူ ဒီလုပ်ငန်းပေါ်မှာ ကျမ်းကျင်ပြီးသားသူတစ်ယောက်ဖြစ်ပါတယ်။ အဲဒီလို ကျမ်းကျင်ပြီးသား တာဝန်ရှိတဲ့တပ်ဖွဲ့ကို ဦးဆောင်မယ့်ပုဂိုလ်ဟာ အပြင်ကလူတစ်ယောက်ဖြစ်လာခဲ့မယ်ဆိုရင် ဒါအချိတ်အဆက်တွေနည်းသွားနိုင်တယ်။ အမြင်တွေကွဲသွားနိုင်တယ်။ အဲဒါကြောင့် သမတကြီးက ဘယ်လိုပဲအဆိုပြုပြု၊ ဌာနတွင်းကပဲပြုပြု၊ အပြင်ကပဲပြုပြု ဒါဌာနနဲ့ဝန်ကြီးဌာနနဲ့ ချိတ်ဆက်မှုရှိရင် ပိုပြီးတော့အားကောင်းမယ်။ ပိုပြီးတော့ အလုပ်ဖြစ်မှာပါ။ အဲဒါကြောင့် ကျန်တော်တို့က ဝန်ကြီးဌာနနဲ့ညှိနှိုင်းပြီးတော့ ခန့်အပ်တယ်။ ခန့်အပ်သင့်တဲ့ပုံစံမျိုး တွေ့ရတဲ့အတွက်နဲ့ ပြည်သူ့ လတ်တော်ရဲ့ အဆိုပြုချက်အတိုင်းပဲ အတည်ပြုဖို့တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ အပိုဒ် ၄ နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သီဟကို ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သီဟ(တပ်မတော်သားကိုယ်စားလှယ်)။** ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၂ ဆွေးနွေးစဉ်တုန်းက သက်ဆိုင်ရာဝန်ကြီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာနလို့ အတည်ပြုခဲ့ပြီးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဆွေးနွေးရန်မရှိပါဘူး။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ မူလပြည်ထဲရေးဝန်ကြီးဌာနအဆိုပြုတင်သွင်းခဲ့တဲ့ ဥပဒေကြမ်းအဆိုပြုချက်မှာ ပြန်ကြည့်မယ်ဆိုရင် ပထမဦးဆုံးဆွေးနွေးခဲ့တဲ့ အပိုဒ် ၂ မှာထဲက ပျော့ပြောင်းမရှိတဲ့သဘောတွေ့ရမှာပါ။ နောက်အပိုဒ် ၂ မှာအတည်ပြုလိုက်တဲ့အတွက်လည်း နည်းနည်း Rigid ဖြစ်သွားပြီ ဒီကိစတွေ နောက်ဆက်တွဲတွေ ဒါတွေ ဖြစ်လာတယ်လို့ ကျန်တော် တင်ပြလိုပါတယ်။ မူလတင်ပြစဉ်က ပျော့ပြောင်းမရှိစွာနဲ့ လက်နက်ကိုင်ဆောင်ခွင့်ရှိတဲ့ လုံခြုံ ရေးနဲ့ ကာကွယ်ရေးတွေ တာဝန်ထမ်းဆောင်နေတဲ့ ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့ကနေ ခန့်အပ်ဖို့ မူလရည်ရွယ်ရင်း Assent ဖြစ်ပါတယ်။ ပြင်လိုက်တဲ့အခါမှာ Rigid ဖြစ်သွားတဲ့အတွက် နောက်ဆက်တွဲ ကိစရပ်တွေ ဖြစ်လာတယ်လို့ တင်ပြလိုပါတယ်။ထပ်မံတင်ပြရန်မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ တင်ပြရန် မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုပြောပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်က အတည်ပြုချက်ကို ကျန်တော်တို့အနေနဲ့ ထောက်ခံပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးတဲ့ ဥပဒေကြမ်း၏အပိုဒ် ၄ နှင့်စပ်လျဉ်းပြီး ဦးဖေသန်းရဲ့ တင်ပြချက်ကတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဖြစ်ပါတယ်။ နောက်တစ်ခါ ပြင်ဆင်ချက်တင်သွင်းတဲ့ ဗိုလ်မှူးကြီးအောင်သီဟ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကလည်း ထပ်မံတင်ပြရန် မရှိတော့ပါဘူးလို့ ပြောဆိုသွားပါတယ်။ မှန်ပါတယ်နော်။ ဒါဆိုရင် ကျန်တော်တို့အနေနဲ့ နဂိုမူလကတည်းက ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အတိုင်းပဲ ဖြစ်နေတဲ့အတွက် မဲခွဲဆုံးဖြတ်ရန်မလိုဘူးလို့ ထင်ပါတယ်။ ဒါကြောင့် ယခုတင်ပြမယ့် အပိုဒ် ၄ သည် မူလအဆိုပြုချက်အတိုင်းဖြစ်တယ်။ မူလအဆိုပြုချက်ဆိုသည်မှာ ပြည်သူ့လွှတ်တော်က အတည်ပြုဆုံးဖြတ်ထားပြီးသား ဖြစ်တဲ့အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၅ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆိုတင်သွင်းဖို့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးရှင်။ စာမျက်နှာ ၃ အမှတ်စဉ် ၇ အခန်း(၃) အပိုဒ် ၅ မှာ မူလအဆိုပြုပြဋ္ဌာန်းချက်ဟာ ကိုယ်ရံတော်၏လစာနှင့်စရိတ်ကို သက်ဆိုင်ရာဝန်ကြီးဌာန၏ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်ဟုပြဋ္ဌာန်း ထားပြီး ပြည်သူ့လတ်တော်၏ အတည်ပြုချက်နှင့် ပြင်ဆင်ချက်မှာ ကိုယ်ရံတော်၏ လစာနှင့်စရိတ် များကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ဘဏ္ဍာရန်ပုံငွေမှကျခံရမည်ဟု ပြင်ဆင်ထားပါတယ်။ အဲဒီတော့ ကျွန်မတို့က ပြည်ထဲရေးဝန်ကြီးဌာနကနေပဲ တာဝန်ယူရမယ်ဆိုတာကို ဒီအရှေ့ပိုင်းမှာလည်းပဲ ပြင်ဆင်ထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်သူ့လတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်းပဲ အတည် ပြုပေးနိုင်ပါရန်အတွက် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ရှင့်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၅ နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့အတွက် တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြဦးကို ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမြဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းရဲ့အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)တို့မှာ ပြည်သူ့လတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုခဲ့ပြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ သီးခြားထပ်မံဆွေးနွေးရန် မရှိတော့ကြောင်းတင်ပြ အပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ တင်ပြရန်မရှိပါဘူး ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါခင်ဗျား။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ပြည်သူ့လွှတ်တော်ရဲ့ မူလအတည်ပြုချက်အတိုင်း ထောက်ခံပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုဆွေးနွေးခဲ့တဲ့ ဥပဒေကြမ်းရဲ့အပိုဒ် ၅ နှင့်စပ်လျဉ်းပြီး ဒေါ်ခင်စန်းလှိုင်ရဲ့ တင်ပြချက်ကလည်း ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ဖြစ်ပါတယ်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အနေနဲ့လည်း ဘာမှထပ်မံတင်ပြရန်မရှိသလို သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ဘာမှကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီအနေနဲ့လည်းပဲ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းပဲ ထောက်ခံပါတယ်ဆိုတဲ့အတွက် ကျန်တော်သီးခြားမဲခွဲဆုံးဖြတ်ရန်မရှိပါဘူး။ ဒါကြောင့်မို့လို့ အခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့အပိုဒ် ၅ နှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်လည်း ကျင်းပရန်ရှိနေပါတယ်။ အချိန်ရဲ့အတိုင်းအတာအရ အစည်းအဝေးကို ဒီနေရာမှာတင်ရပ်နားပါမယ်။ ကျန်ရှိနေသေးတဲ့ အစိတ်အပိုင်းများ၊ ဆွေးနွေးရန်များနှင့် မူလအစီအစဉ်များ၊ ကျန်ရစ်ခဲ့တဲ့အစီအစဉ်များကိုလည်း မနက်ဖြန်မှာဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး(၂၉)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်(အင်္ဂါနေ့) နံနက်၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီရှင်။

[ပထမအကြိမ် ပြည်သူ့လတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၁၂း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]